မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၈၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည့် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၈နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ခေါင်းကြီး၊ ဆောင်းပါးနှင့် ကဗျာအညွှန်း

"ပြည်သူနှင့်တိုင်းရင်းသား လုပ်ငန်းရှင်များသည် လက်ရည်တစ်ပြင်တည်း ညီညွတ်မှုတစ္စာတည်ရှိနေကြပြီး နိုင်ငံတော်၏ အားပေးမြှင့်တင်မှု၊ ပြည်သူများ၏ ဖိဖိစီးစီးကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံ့စီးပွားရေးကို ပိုမိုတိုးတက်အောင် ဖော်ဆောင်နိုင်ခဲ့။"

ခေါင်းကြီး (စာ-၂)

"တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့်အတူ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိ"

ခြင်ကျား(မအူပင်)၏ ဆောင်းပါး (စာ-၁၀၊ ၁၁)

စဉ်းစားအဖြေရှာကြည့်ပါ

ဖိုးဝ၏ကဗျာ (စာ-၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

7-4 (01).p65 1 3/24/05, 10:16 PM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၅ ခုနှစ်၊ ဧပြီလ ၇ ရက်)

ဒီမိုကရေစီနိုင်ငံတော်အတွက် စီးပွားရေးအခြေခံများ ထူထောင် နိုင်ငံတော်နှင့်ပြည်သူအကျိုး စေတနာထားဆောင်ရွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံ့စီးပွားရေး အင်အားတောင့်တင်းခိုင်မာလာစေရန်အတွက် တာဝန်သိသိ ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ကြရာ၌ တိုင်းရင်းသား လုပ်ငန်းရှင်များသည် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြသော လုပ်ဖော်ကိုင်ဖက်များ ဖြစ်ကြသည်။

ဒီမိုကရေစီ နိုင်ငံတော်ကို ထူထောင်ရာ၌ နိုင်ငံ့စီးပွားရေးတောင့်တင်းရန်လိုအပ်သကဲ့သို့ စီးပွားရေး လုပ်ငန်းများ ဖော်ဆောင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ၊ လုပ်ရည်ကိုင်ရည်နှင့် အရင်းအနှီးရှိသည့် တိုင်းရင်းသား လုပ်ငန်းရှင်များကလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အပိုင်းနှင့် အလုပ်သမားအင်အားစုများပါဝင်သည့် ပြည်သူအပိုင်းတို့အကြား လုပ်ငန်းများချောမောပြေပြစ်စေရန် ပေါင်းကူးဆက်စပ်ပေးသည့် စီးပွားရေးလုပ်ငန်းရှင်များအပိုင်းသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီလ ၄ရက်နေ့က တနင်္သာရီတိုင်းခရီးစဉ်အတွင်း မြိတ်မြို့ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ ဆီအုန်းနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံမှာကြားရာ၌–

"အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျနေသည့် နိုင်ငံတော်၏ အားနည်းချက်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အင်အားစု သုံးရပ်ပေါင်းစည်း၍ လုပ်ကိုင်ဆောင်ရွက်နိုင်မှသာ အောင်မြင်မှာဖြစ်ကြောင်း၊ ပြည်သူများဆိုရာ၌ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များလည်း အပါအဝင် ဖြစ်ကြောင်း"

မိန့်ကြားသွားသည်။

ပြည်သူနှင့်တိုင်းရင်းသားလုပ်ငန်းရှင်များသည် လက်ရည်တစ်ပြင်တည်း ညီညွတ်စွာတည်ရှိနေကြပြီး နိုင်ငံတော်၏ အားပေးမြှင့်တင်မှု၊ ပြည်သူများ၏ ဖိဖိစီးစီးကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံ့စီးပွားရေးကို ပိုမိုတိုးတက်အောင် ဖော်ဆောင်နိုင်ခဲ့သည်။

နိုင်ငံတော်၌ အရင်းအနှီးနှင့် အတတ်ပညာရှိသော တိုင်းရင်းသားလုပ်ငန်းရှင် အင်အားစုများသည် ယခင်က မေးမှိန်ကွယ်ပျောက်ခဲ့သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့ရသည်။ ပြည်သူများလည်း ဝင်ငွေနည်းပါးခဲ့ရသည်။ တပ်မတော်အစိုးရလက်ထက်တွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ပေါ်ထွက်အောင် အားပေးကူညီမှုနှင့် ကုန်ထုတ်လုပ်ငန်းများ၌ ရင်းနှီးပါဝင်ခွင့်ရစေရေးလမ်းဖွင့်ပေးခဲ့သဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာခဲ့သည်။

သာဓကအားဖြင့် တနင်္သာရီတိုင်း၌ ဆီအုန်း၊ ရော်ဘာ၊ ငါး၊ ပုစွန်လုပ်ငန်းများကို တိုင်းရင်းသား လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပေးခဲ့သဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေး အထောက်အကူပြုခဲ့ပေသည်။ ထို့ကြောင့် နိုင်ငံ့စီးပွားရေးနှင့် တနင်္သာရီတိုင်းစီးပွားရေးသည် ဆက်စပ်လာခဲ့ပြီး တိုင်း၏စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်ကာ လူတစ်ဦးချင်းဝင်ငွေသည်ပါ မြင့်မားတိုးတက်လာခဲ့ကြောင်း တွေ့ရသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ကြရာ၌ အတ္တနှင့်ပရ မျှတစွာထား၍ တိုးတက်ကြီးပွားအောင် လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ နိုင်ငံတော်၏အကျိုး၊ ပြည်သူအားလုံး၏ အကျိုးကိုပါ သယ်ပိုးကြရမည်ဖြစ်သည်။ တိုင်းပြည်အပေါ် စေတနာကောင်းထား၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် နိုင်ငံသားပြည်သူများအနေဖြင့် အမိနိုင်ငံတော်အပေါ် သစ္စာရှိရန် လိုအပ်သကဲ့သို့ ဝန်ထမ်းများအပိုင်းကလည်း မိမိတို့ဌာနလုပ်ငန်းများကို သစ္စာရှိရှိ ကျေကျေပွန်ပွန် ဆောင်ရွက်ကြရင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဖော်ဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးနေခြင်းသည် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် စီးပွားရေးအခြေခံများ တည်ဆောက်ပေးနေခြင်းဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ်စေတနာထား ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်း ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

၂၀၀၅ခုနှစ် ဇွန်လ ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်း ပန်းချီ၊ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ကာတွန်းပြိုင်ပွဲကို မေ ၂၅ရက် နံနက်၉နာရီနှင့် ပန်းချီပြိုင်ပွဲကို မွန်းလွဲ ၁နာရီတို့တွင် အထက(၂)လသာ မြည်သီလာခန်းမ၌လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၆ရက် နံနက် ၉နာရီတွင် အထက(၂)လသာ မြည်သီလာခန်းမ၌ လည်းကောင်း ပြုလုပ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲအဆင့်များခွဲခြားထား

ပြိုင်ပွဲတွင် အသက်၁၀နှစ်အောက်၊ အသက် ၁၀နှစ်မှ ၁၅နှစ်အောက်၊ အသက် ၁၅နှစ်မှ အသက် ၂၀နှစ်အောက်နှင့် အသက် ၂၀အထက်ဟူ၍ ပြိုင်ပွဲအဆင့်များ ခွဲခြားထားသည်။ ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၂ရက် နံနက် ၉နာရီတွင် လှိုင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ပြုလုပ်သွားမည်ဖြစ်ပြီး အလယ်တန်း (၅၊ ၆၊ ၇)နှင့် အထက်တန်း(၈၊ ၉၊ ၁၀)ဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်သည်။ ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာပြိုင်ပွဲကို အသက် ၁၅နှစ် အထက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြန်လည်ပေးပို့

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို မေ ၁ရက်မှ ၇ရက်အတွင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ကျောက်တံတားမြို့နယ် ဘဏ်လမ်းစုပေါင်းရုံးမြေညီထပ်ရှိ တကယ့်ဖြစ်ရပ်မှန် မှုခင်းဂျာနယ်ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို မေ၈ရက်မှ ၁၄ရက်အတွင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးသို့ အချိန်မီလူကိုယ်တိုင် ပြန်လည်ပေးပို့ကြရန်ဖြစ်သည်။

အသက် အထောက်အထားအတွက် ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများ၏ ထောက်ခံချက်ကို လည်းကောင်း၊ ကျောင်းသားကျောင်းသူ မဟုတ်သူများသည် သက်ဆိုင်ရာ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာနမှ ထုတ်ပေးသည့် အိမ်ထောင်စု စာရင်းမိတ္တူ (အမျိုးသားမှတ်ပုံတင်လက်မှတ်မိတ္တူ)၊ ပတ်စ်ပို့ဓာတ်ပုံသုံးပုံ တို့ကိုပါ လျှောက်လွှာနှင့်တစ်ပါတည်း ပူးတွဲ တင်ပြကြရန်ဖြစ်သည်။

ကတ်ပြားထုတ်ပေးမည်

လျှောက်လွှာတင်သွင်းသည့်နေ့တွင် ပြိုင်ပွဲဝင်များအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ကတ်ပြားကိုလည်းထုတ်ပေးမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သည့်နေ့တွင် သက်ဆိုင်ရာ ကတ်ပြားတစ်ပါတည်းယူဆောင်လာရန်၊ ကွန်ပျူတာဒစ်ဂျစ်တယ် ပိုစတာပြိုင်ပွဲဝင်များသည် ပြိုင်ပွဲဝင်ပုံစံအပြင် နောက်ဆက်တွဲ"က"ပါ ပုံစံဖြင့် ထပ်မံတင်သွင်းပြီး (Floopy Disk)နှစ်ချပ်ကူးယူ၍ ၂၃–၅–၂၀၀၅ရက် အရောက် လျှောက်လွှာကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးသို့ လူကိုယ်တိုင်လာရောက်ပေးပို့ရန်၊ ပြိုင်ပွဲဝင်သူများသည် ပုံဆွဲစက္ကူများယူဆောင်လာရန် မလိုအပ်ဘဲ ကြိုက်နှစ်သက်ရာ စုတ်တံနှင့်ဆေးများ ယူဆောင်လာရန်၊ ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်သူများသည် ကြိုတင်လေ့လာနိုင်ရန် တစ်ရက်ကြိုတင်၍ ၂၁–၅–၂၀၀၅ ရက် နံနက်၈နာရီတွင် ကွန်ပျူတာတက္ကသိုလ်သို့ လာရောက် သတင်းပို့ရန် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇေတဝန်စာသင်တိုက် သင်္ကြန် ၁၀ ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၆

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ–အံ့ကြီး)နှင့် အဖွဲ့က သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် ဇေတဝန်ပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တဇဝန(အစိုးရဓမ္မာစရိယ ဥဘတောဝိဘင်္ဂရေ မဟာဂန္ထဝါစကပဏ္ဍိတ)၏ ဩဝါဒကိုခံယူလျက် ကိုယ်တွေ့ဉာဏ်မြင်ခန္ဓာဉာဏ်ရောက် သမထဝိပဿနာတရားတော်များကို ဧပြီ၈ရက်မှ၁၇ရက်အထိ နံနက်၇နာရီမှည၇နာရီအထိ ၁၀ရက်တိုင် ဟောပြောပို့ချမည် ဖြစ်သည်။

တရားစခန်းဝင်လိုသူများသည် ဇေတဝန်စာသင်တိုက် ရှုခင်းသာကျောင်းဝိုင်း သာကေတနှင့် ဦးဇော်မိုးဟိန်း မြင်တော်သာလမ်း ရဲစခန်းရှေ့ ၅ရပ်ကွက် သာကေတတို့တွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၇–၄–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာသင်္ကြန်
၈း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅ ၆။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ **"မမှောင်သောအလင်း"** (အပိုင်း–၁၄)
၅း၃၀ ၉။ မြန်မာသင်္ကြန်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၅ ၁၃။ မိုးလေဝသသတင်း
၆း၃၀ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း–၃၈)
၆း၅၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသားရုပ်ကြွင်း"** (အပိုင်း–၄)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြဝတီရဲ့ မြဝတီ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်ကသိုင်းလုလင်"** (အပိုင်း–၁၁)

လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံ သံရုံးများမှ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနီယပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းတိုက်နယ် ဆံတော်ရှင်ကေလာသတောင်၏ တောင်ဘက်အနီး အောင်စေတီတော်ကြီး၏ အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနီယဓမ္မပူဇော်ပွဲကို ဧပြီ၉ရက်မှ၁၇ရက် အထိကျင်းပမည်ဟုသိရသည်။ **(က-ပ)**

■ **ရှေ့ဖုံးမှ**

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံသံရုံး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံ သံရုံးများမှ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သမဝါယမဝန်ကြီး ဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လမ်းပန်းဆက်သွယ်မှု တိုးတက်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၆

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၂၉ရက် နံနက် ၁၁နာရီက တောင်ကြီးမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်ရုံးခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် ခရိုင်နှင့် မြို့နယ်အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး အတွက် တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း အမှာစကား ပြောကြားသည်။

အမှာစကားပြော

ထို့နောက် ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ လမ်း၊ တံတားတည်ဆောက်ရေးတာဝန်ခံများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အသီးသီးရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ဆက်သွယ်သောလမ်း လေးလမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဆက်သွယ်သောလမ်း သုံးလမ်း၊ ကယားပြည်နယ်နှင့် ဆက်သွယ်သောလမ်း သုံးလမ်း၊ မန္တလေးတိုင်းနှင့် ဆက်သွယ်သောလမ်း သုံးလမ်းရှိပြီး စုစုပေါင်းကတ္တရာလမ်း ၉၂၈မိုင်၊ ကျောက်ချောလမ်း ၁၈၆မိုင်၊အမာခံလမ်း၃၀၃မိုင်၊မြေသားလမ်း ၅၁၂မိုင် စုစုပေါင်း ၁၉၂၉ မိုင်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော်၁၄ ရက်
(အဖိတ်နေ့)
၇-၄-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀	၆။	ကျောက်တစ်လုံးရေကူရေလှောင်တမံ
၈:၂၀	၇။	ခါသကြိုန်အဆိုအကများ
၈:၃၀	၈။	International News
၈:၄၅	၉။	Happy and Educational English Summer Course MRTV (Junior Class-II)
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၄၅	၈။	တေးဂီတအစီအစဉ်
၁၈:၀၀	၉။	နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၅	၁၀။	ခါသကြိုန်အဆိုအကများ
၁၈:၃၀	၁၁။	ညနေခင်းသတင်း
၁၉:၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း-၂၁)
၁၉:၃၅	၁၄။	ခါသကြိုန်အဆိုအကများ
၁၉:၄၅	၁၅။	မိခင်ရင်သွေး ကျန်းမာမှ လူ့ဘောင်ဘဝ စဉ်လှပ လူတိုင်းပါဝင်စောင့်ရှောက်ကြ
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာဗီဒီယိုဇာတ်လမ်း **"ကူညီချင်လွန်းလို့" (အပိုင်း-၁) လွင်မိုး၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ကျော်ဇောလင်း)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ဒို့ကျေးရွာဂျာနယ် ထွက်ပြီ

ရန်ကုန် ဧပြီ ၆

ဒို့ကျေးရွာဂျာနယ်သည် ကျေးလက်နေပြည်သူများ ဘဝတိုးတက်စေရန် ရည်မှန်းကြိုးပမ်းလျက် ရှိသည်။ ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊အမှတ်(၈)တွင် အဖေ့ရွာသင်္ကြန်ခရီး၊ ထူးခြားလေးနက်သော မြတ်နိုးဖွယ်ရာပွဲတော်၊ မိုးကြိုးထယ်ရေး၊ သီးညှပ်နှံ့ဝေဖြာ ဘူးစိုက်ပါ၊ ကျေးလက် ဝက်မွေးမြူရေး၊ တောပင်ကိုတော်တော်ခုတ်ကြပနှင့် ကျေးရွာ၏ပညာ မီးခြစ်စစ် စသည့်ဆောင်းပါးများအပြင် ဟာသ၊ကာတွန်း၊အနုပညာသတင်း၊ ကုန်ဈေးနှုန်း၊ မိုးလေဝသ၊ ဗေဒင်နှင့် အခြားဗဟုသုတရဖွယ်ကဏ္ဍများကို ဖတ်ချင်စဖွယ် ဝေဝေဆာဆာဖြင့် ထည့်သွင်းဖော်ပြထားသည်။ **(ယာပုံ)**

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် (၃၀-၃၂) ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

ရိုးရိုးနှင့်ကြေးနန်းစာ အကြတ်နေ့ ဝေငှပေးမည် မဟာသင်္ကြန်ရက်များတွင် အမြန်ချောပို့လုပ်ငန်း ဖွင့်ထားမည်

ရန်ကုန် ဧပြီ ၆

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ မြန်မာသက္ကရာဇ် ၁၃၆၆ခုနှစ် မဟာသင်္ကြန်ရက်များအတွင်း မဟာ သင်္ကြန်အကြတ်နေ့ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် နှောင်းတန်ခူးလဆန်း ၇ ရက် (၂၀၀၅ ခုနှစ် ဧပြီ ၁၅ ရက်) သောကြာနေ့တွင် အများပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ ရိုးရိုးစာဝေလုပ်ငန်းများနှင့် ကြေးနန်းစာဝေ လုပ်ငန်းများကို နားရက်မယူဘဲ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ အမြန်ချောပို့လုပ်ငန်းကိုမူ မဟာသင်္ကြန်ရက်များအတွင်း ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါရက်များအတွင်း ဝတ်စုံပြည့်ဖြင့် တာဝန်ထမ်းဆောင်နေကြသည့် စာပို့လုလင်များ၊ ကြေးနန်းပို့လုလင်များကို ရေပက်ကစားခြင်း မပြုလုပ်ကြရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၅
(ကြာသပတေးနေ့)

၇:၀၀	အဖွင့်အစီအစဉ်
၇:၀၅	စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ(အပိုင်း-၁)
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	နိုင်ငံတကာသတင်း
၇:၃၀	ဂက်(စ်)မီးဖိုနှင့်ဖြစ်တတ်သောအန္တရာယ်များ
၇:၃၅	ခါသကြိုန်အဆိုအက
၇:၄၀	ဖန်တီးသူတို့အနုပညာ (ရုပ်ပြောင်း/ရုပ်လွှဲ)
၈:၂၀	တေးဂီတအစီအစဉ်
၈:၃၀	ပြည်တွင်းသတင်း
၈:၃၅	အံ့မခန်း မြန်မာ့ပန်းပုပညာလက်ရာ ရွှေကူတံကဲတော်ကြီး
၈:၄၀	ခါသကြိုန်အဆိုအက
၈:၄၅	မိုးလေဝသခန့်မှန်းချက်
၈:၅၀	မျက်လှည့်ပဒေသာပျော်ရွှင်စရာ(၁)
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	စိတ်ကျန်းမာရေး
၉:၂၅	ခါသကြိုန်အဆိုအက
၉:၃၀	ဝါသနာရှင်စင်မြင့်
၁၀:၁၅	နိုင်ငံတကာသတင်း
၁၀:၂၀	ကရာတေးဒိုအားကစား
၁၀:၃၀	ပြည်တွင်းသတင်း
၁၀:၃၅	ဗိုလ်မြတ်ထွန်းတံတား
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ဝယ်ချင်စရာ မျိုးစုံစွာ(၂)
၁၁:၀၀	အပိတ်

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။



ဘင်္ဂလားဒေ့ရှ်၏ ပို့ကုန်မှဝင်ငွေ ပထမရှစ်လအတွင်း တိုးတက်ရရှိ

ဒါကာ ဧပြီ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပို့ကုန်ဝင်ငွေသည် လက်ရှိဘဏ္ဍာရေးနှစ်(၂၀၀၄ ခုနှစ် ဇူလိုင်လ-၂၀၀၅ခုနှစ်ဇွန်လ)၏ ပထမရှစ်လအတွင်း လွန်ခဲ့သည့်နှစ်ယင်းကာလကထက် ၁၃ရာခိုင်နှုန်း မြင့်မားတိုးတက်ခဲ့သည်။

ပို့ကုန်တင်ပို့မှုသည် ဇန်နဝါရီလတွင် ၁၂ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့ပြီးနောက် ယခုနှစ် ဖေဖော်ဝါရီလတွင် ၃၅ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သည်နယူးအေ့ချ် သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ယခု ဘဏ္ဍာရေးနှစ်ဖြစ်သော ဇူလိုင်-ဖေဖော်ဝါရီကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၁ ဘီလီယံ ရရှိခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဝင်ငွေသည် ယင်းကာလတွင် ဒေါ်လာ ၅ ဒသမ ၅၃ ဘီလီယံ ရည်မှန်းသည်ထက် ၂ ရာခိုင်နှုန်း နိမ့်ကျခဲ့သည်။

အသင့်ချုပ်ပြီး အဝတ်အထည်ကဏ္ဍတွင် ဒေါ်လာ ၄ ဒသမ ၂၃ဘီလီယံ သို့မဟုတ် ဇူလိုင်-ဖေဖော်ဝါရီကာလအတွင်း စုစုပေါင်း ပို့ကုန်ဝင်ငွေ၏ ၇၈ ဒသမ ၁၅ ရာခိုင်နှုန်းရရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မလေးရှားနိုင်ငံထုတ် ပရိုတွန်ကားများ ပိုမိုတင်ပို့ရောင်းချသွားမည်

ကွာလာလမ်ပူ ဧပြီ ၅

မလေးရှားနိုင်ငံ၏ ပရိုတွန်ကားထုတ်လုပ်သည့် ကုမ္ပဏီသည် ယခုနှစ်၌ ပရိုတွန်ကားများကို ပိုမိုတင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် တင်ကူမာဟာလီအာရစ်ဖ်က တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

တိုးမြှင့်ထုတ်လုပ်ခဲ့သော ပရိုတွန်ကားများ၏ တန်းစီဇယားသစ်ကို သုံးသပ်ရာတွင် ယခုနှစ်၌ ထိုသို့ ပိုမိုတင်ပို့သွားမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ်က ပြောကြားခြင်းဖြစ်သည်။

ယခုအခါ ပရိုတွန်ကားများ၏ အရည်အသွေးသည် သိသာထူးခြားစွာ တိုးတက်ခဲ့ကြောင်း၊ အထူးသဖြင့် ဝယ်ယူသူများက စိတ်ကျေနပ်မှုရှိကြောင်း တင်ကူမာဟာလီက သတင်းထောက်များကို ကွာလာလမ်ပူ၌ ပြောကြားသည်။

၂၀၀၅ ခုနှစ် မတ်လ ၃၁ ရက်၌ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ပရိုတွန်ကားကုမ္ပဏီသည် ကားစီးရေ ၁၆၀၀၀ တင်ပို့ရောင်းချဖွယ်ရှိရာ ၁၉၉၇ခုနှစ်တွင် စီးရေ ၂၇၀၀၀စံချိန်တင် ရောင်းချခဲ့ရပြီးနောက်ပိုင်း၌ ဒုတိယအများဆုံးရောင်းချရသည့် ပမာဏဖြစ်သည်။

မလေးရှား၌ရှိသော စက်ရုံများအပါအဝင် ကမ္ဘာတွင် စက်ရုံကိုးရုံရှိကြောင်း၊ ပရိုတွန်ကားကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာ ကားထုတ်လုပ်သူဖြစ်လာမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မိုးရွာသွန်းရေးလုပ်ငန်းစီမံကိန်း ထိုင်းနိုင်ငံ၌ ဆောင်ရွက် ပြည်နယ် ၃၇ခု၌ မိုးခေါင်မှုအခြေအနေလျော့နည်း သက်သာခဲ့

ဗန်ကောက် ဧပြီ ၅

မိုးရွာသွန်းစေသည့်လုပ်ငန်း ဆောင်ရွက်မှုကြောင့် ထိုင်းနိုင်ငံ၏ ပြည်နယ် ၃၇ခုတွင် မိုးခေါင်မှု အခြေအနေလျော့နည်းသက်သာခဲ့ရပြီး ရေလှောင်ကန်များတွင် ရေမျက်နှာပြင်များ မြင့်တက်ခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီး ဆူဒါရက်ကီယူရာဖန်က ပြောကြားသည်။

မိုးရွာသွန်းရေးစီမံကိန်းကို မတ် ၂၈ရက်မှ ဧပြီ ၁ရက်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုရခဲ့ပြီး မြောက်ပိုင်းရှိ ပြည်နယ်သုံးခု၊ အရှေ့မြောက်ရှိ ပြည်နယ် ၁၆ခု၊ ဗဟိုလွင်ပြင်၊ အရှေ့နှင့်တောင်ပိုင်းရှိ ပြည်နယ်ခြောက်ခုစီ၌ မိုးများရွာသွန်းခဲ့သည်။

ရရှိခဲ့

အခြေအနေဆိုးသော ဆည်များအပါအဝင် အဓိကဆည်ကြီးခုနစ်ခုသည် ရေကုဗမီတာ ၈၅ဒသမ ၂သန်း သို့မဟုတ် တစ်နေ့လျှင် ရေကုဗမီတာ ၁၇ဒသမ ဝ၄သန်းရရှိခဲ့ကြောင်း ဝန်ကြီးက ပြောကြားသည်။

ထိုသို့ မိုးရေရရှိမှုကြောင့် ခန့်မှန်းခြေအားဖြင့် မိုးခေါင်သည့် ရွာအရေအတွက်သည် ၇၃၉၆၃ရွာကျော်ရှိခဲ့ရာမှ ၁၃၇၇၃သို့ စိုက်ပျိုးရေးဝန်ကြီးဌာနက လျော့ကျစေနိုင်ခဲ့သည်။

မိုးပိုမိုရွာသွန်းလာမှုကြောင့် လွန်ခဲ့သည့် ခြောက်လကျော်တွင် တောမီးလောင်မှုများကို ငြိမ်းသတ်ခဲ့သော မီးသတ်သမားများကလည်း ကြိုဆိုခဲ့ကြသည်ဟု သိရသည်။

လျော့ကျ

မိုးတိမ်ပေါ်ထွန်းအောင် ပြုလုပ်သည့် လုပ်ငန်းကိုအကျိုးထိရောက်စွာ အကောင်အထည်ဖော် နိုင်ခဲ့သဖြင့် တောမီးလောင်မှုများ လျော့ကျသွားခဲ့သည်။

မိမိတို့ ခန့်မှန်းထားသလောက် အခြေအနေမဆိုးကြောင်း၊ ယခုနှစ်၌ တောမီးလောင်မှုကြောင့် စုစုပေါင်း ပျက်စီးခဲ့ရသည့် ဧရိယာအကျယ်အဝန်းသည် ယမန်နှစ်ကထက် လျော့နည်းမည်ဖြစ်ကြောင်းအမျိုးသားဥယျာဉ်၊တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့အရောင်းပြခန်းတစ်ခုတွင် မစ်ဆူရှီတာအီလက်ထရွန်းနစ် ကုမ္ပဏီမှ အသစ်ထုတ်လုပ်လိုက်သော မျက်နှာပြင်ပြား ရုပ်မြင်သံကြားစက်များကို ဧပြီ၄ရက်က မိတ်ဆက်ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘေဂျီမြို့အနီးတွင် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၅

ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် တနင်္ဂနွေနေ့က ဗုံးတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။

ဖောက်ခွဲ

ဘေဂျီမြို့အနီးတွင် တနင်္ဂနွေနေ့ ညနေ ၆နာရီ ၄၅မိနစ်ခန့်က လက်လုပ်ဗုံးတစ်လုံးဖြင့် ချိန်ကိုက် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

စုံစမ်း

အဆိုပါဖြစ်ပွားခဲ့သည့် နေရာတွင် စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်ရန် အမေရိကန် စစ်ဘက်က ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သို့သော် အသေးစိတ်အချက်အလက်များ မရရှိသေးကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဥပဒေဘောင်အတွင်းမှ လက်နက်များဝယ်ယူခြင်းသာဖြစ် အမေရိကန်၏စွပ်စွဲချက်များ ဗင်နီဇွဲလားငြင်းဆို

ကာရာကတ်စ် ဧပြီ ၅

လက်နက်များရောင်းဝယ်မှုနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စု၏ မကြာမီက စွပ်စွဲပြောကြားမှုများကို ဗင်နီဇွဲလားနိုင်ငံက ငြင်းဆိုပြောကြားရာတွင် ဥပဒေသတ်မှတ်ချက်ဘောင်အတွင်းမှ အခွင့်အာဏာလုပ်ပိုင်ခွင့်များအရ စစ်ဘက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများနှင့် လက်နက်များကို နိုင်ငံအတွက်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

လက်နက်များကို ငြိမ်းချမ်းရေးအတွက်သာ ဗင်နီဇွဲလားနိုင်ငံက အသုံးပြုမည်ဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံကာကွယ်ရေးဝန်ကြီး ဂျော့ဂါစီရာက ပြောကြားသည်။ ယင်းမှာ အမေရိကန်က တောင်အမေရိကတွင် လက်နက်ပြိုင်ဆိုင်လာမှုနှင့်ပတ်သက်၍ ဝေဖန်ပြောကြားမှုကြောင့် ဗင်နီဇွဲလားနိုင်ငံက ချက်ချင်းကန့်ကွက်တုံ့ပြန် ပြောကြားခဲ့ခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများနှင့် အခြားလိုအပ်သည့် နိုင်ငံများအား ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လက်နက်ပစ္စည်းများ ဝယ်ယူခြင်းဖြစ်ကြောင်းလည်း ဗင်နီဇွဲလားကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံ၏ စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များသည် နယ်စပ်လုံခြုံရေး အတွက်လည်းကောင်း၊ ကင်းလှည့်စစ်ဆေးမှုနှင့် မူးယစ်ဆေးဝါး တရားမဝင် သယ်ယူရောင်းချမှုများအပြင် အခြားရာဇဝတ်မှုများကို ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း ဗင်နီဇွဲလားကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံသည် ပြီးခဲ့သည့်လက ရုရှားနိုင်ငံလုပ် စစ်ရဟတ်ယာဉ် ၁၀စင်းနှင့် အေကေ ၁၀၃၊ အေကေ ၁၀၄ ရိုင်ဖယ်လက်နက် တစ်သိန်းဝယ်ယူရန် ရုရှားနိုင်ငံနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် ကားဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေး ဆောင်ရွက်ရန် ရောက်ရှိလာသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဧပြီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အနောက်ပိုင်း၌ ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၅

အီရတ်နိုင်ငံအနောက်ပိုင်း ဟာဒီသာမြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး စနေနေ့က သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဟာဒီသာမြို့တွင် ဧပြီ၂ရက်က တိုက်ခိုက်မှုများဖြစ်ပွားစဉ် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး စနေနေ့က သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။

တိုက်ခိုက်

ယင်းကဲ့သို့ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးရမှုနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မရရှိသေးကြောင်း၊ သို့ရာတွင် မျက်မြင်တွေ့ရှိသူများက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်းပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

သေဆုံး

ယခုအခါ ၂၀၀၃ခုနှစ် မတ်လ၂၀ရက်မှစတင်ကာ အီရတ်ကိုကျူးကျော်ခဲ့ပြီးနောက် အမေရိကန် တပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ ၁၅၃၀ ကျော်သွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ



ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စိတ်ရင်းစေတနာမှန်ထား လက်တွေ့လုပ်ပြ ပြည်သူများ၏လိုအင်ဆန္ဒများ ကူညီဖြေရှင်းပေးခြင်းဖြင့် အားကိုးမှုရယူ ပြည်သူ့ဆက်ဆံရေးသင်တန်းဆင်းပွဲ၌ အသင်းအတွင်းရေးမှူး ဦးတင်ထွတ် အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့်သုတစီမံခန့်ခွဲမှုပညာသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုသင်တန်းကျောင်း ပြည်ထောင်စုခန်းမဦးကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်မှတာဝန်ရှိသူများ၊သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသားများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးတင်ထွတ်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေး၊ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့် နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်လိုသူများ၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို လိုလားသူများ၊ အမျိုးဂုဏ်ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ကြမည့် မျိုးဆက်သစ်လူငယ်များကို မွန်မြတ်မှန်ကန်သည့် ရည်ရွယ်ချက်၊ အခြေခံမူ၊ ကတိသစ္စာ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများနှင့် အသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

အသင်းဝင်များအရေအတွက်ရော၊ အရည်အချင်းပါပြည့်ဝအောင် ဗဟိုနှင့် အသင်းအဆင့်ဆင့်က သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ပေးပြီး ခံယူချက်၊ ယုံကြည်ချက်၊ သဘောတရား၊ အတွေးအခေါ်၊ အယူအဆ၊ လုပ်နည်းကိုင်နည်းများ တစ်ပြေးညီတိုးတက်မြင့်မားလာအောင် လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး လက်တွေ့တာဝန်များဆောင်ရွက်စေခြင်းသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ ထက်မြက်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲရေးသင်တန်းသည်လည်း လေ့ကျင့်ပျိုးထောင်ပေးမှုများထဲက တစ်ခုဖြစ်ကြောင်း။

အသင်းကြီးအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရင်း ဒေသစည်းရုံးရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ တိုးတက်ကြီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စိတ်ရင်းစေတနာမှန်နှင့် လက်တွေ့လုပ်ပြခြင်းဖြင့် ဒေသခံပြည်သူများ လက်ခံယုံကြည်လာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကိုယ်ပိုင်အသိတရားနှင့် ထောက်ခံအားပေး ပါဝင်ဆောင်ရွက်လာမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကို အလေးထားဂရုပြု စိတ်ဝင်စားစွာလေ့လာပြီး သူတို့၏လိုအင်ဆန္ဒ အခက်အခဲများကို ကူညီဖြေရှင်းပေးခြင်းသည် ရင်းနှီးယုံကြည်အားကိုးမှုများကို ရရှိလာမည်ဖြစ်ကြောင်း၊ စည်းရုံးမှုဖြင့် အောင်မြင်ရေး၊ အောင်မြင်မှုဖြင့် စည်းရုံးရေးဆိုသည့်အတိုင်း လက်တွေ့အကျိုးပြုလုပ်ငန်းများ အတူပူးပေါင်းဆောင်ရွက်ရင်း ရရှိလာသည့်တိုးတက်ဖြစ်ထွန်းအောင်မြင်မှုအခြေခံကောင်းများကို ခံစားသိမြင်ရင်း ဒေသခံပြည်သူများကို မှန်ကန်စွာ စည်းရုံးဦးဆောင် လှုပ်ရှားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် အသင်းကြီးသည် တိုင်းရင်းသားပြည်သူများ၏ စုစည်းညီညွတ်သည့်အားနှင့် ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ၊ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယနေ့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ခိုင်ခိုင်မာမာ ခံယူကျင့်သုံးဆောင်ရွက်နေကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူရင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၄ က ချမှတ်ခဲ့သည့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးကို အသင်းကြီးအနေဖြင့် နိုင်ငံတော်၏မှန်ကန်သည့်ဦးဆောင်မှု၊ ပြည်သူတစ်ရပ်လုံး၏စုစည်းညီညွတ်သည့် ပြည်သူ့စွမ်းအားနှင့် ပူးပေါင်းပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝနှင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်နှင့် ဗဟိုအလုပ်အမှုဆောင်များသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နံရံကပ်စာစောင်ပြပွဲ ဖွင့်ပွဲနှင့်စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးတို့က ကြီးမှူးဖွင့်လှစ် ပြသသော နံရံကပ်စာစောင်ပြပွဲ ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမတွင် မတ် ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့် **(ဝဲပုံ)**က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က နံရံကပ်စာစောင် ပြပွဲနှင့် စာအုပ်လှူဒါန်းပွဲ ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မိတ္ထီလာမိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၆

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၁၂၉)၏ သင်္ကြန်တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၁၇ ရက်(တန်ခူးလဆန်း ၃ရက်မှ ၉ ရက်) အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ရိပ်သာပဓာနနာယက ကမ္မဋ္ဌာနာစရိယ ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာစာရက ကျေးဇူးရှင် မိုးကုတ်ဆရာတော်၏ ဥပနိဿယ အတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ လူဦးရေကန့်သတ်ထားသဖြင့် ရိပ်သာဖုန်း ၀၆၄-၂၂၁၆၅ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

အချိန်အခါမဟုတ် မိုးရွာနိုင်

ရန်ကုန် ဧပြီ ၆

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းမှ အရှေ့မြောက်ဘက်သို့ ရွေ့လျားနေသော တိမ်တိုက်ကြီးကြောင့် ဧပြီ ၇ ရက်မှ ၉ ရက်အတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း သက်ဆိုင်ရာက သတိပေးချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ် ဧပြီလအတွက်

(၁၀-၄-၂၀၀၅ ရက်နေ့)

နှင့်

(၂၄-၄-၂၀၀၅ ရက်နေ့)

ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရွှေဘိုခရိုင်နှင့်ကသာခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဧပြီ ၁ရက်နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့သို့ရောက်ရှိပြီး ပြည်ရွှေဘိုဧည့်ရိပ်သာ၌ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်နှင့်ရွှေဘို၊ဝက်လက်၊ရေဦး၊ခင်ဦး၊တန့်ဆည်၊ ဒီပဲယင်းမြို့နယ် အသင်းများမှ အတွင်းရေးမှူးများ၊ အမှုဆောင်များအား အသင်းကိစ္စများ တွေ့ဆုံမှာကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ပြည်ရွှေဘိုဧည့်ရိပ်သာ၌ ရွှေဘိုခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးကော်မတီဝင်များ၊ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များမှစစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဝင်များကို တွေ့ဆုံမှာကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့သို့ ရောက်ရှိပြီး အားကစားခန်းမနှင့် အားကစားကွင်း တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေး၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဝင်များကို တွေ့ဆုံပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုင်ရာများ မှာကြားကာ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျေးလက်ဖွံ့ဖြိုးရေး

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၂ရက်တွင် ကန့်ဘလူမြို့မှ ထွက်ခွာပြီး ကောလင်းမြို့နယ် ကျောက်တန်းလမ်းဆုံရှိ ဆောက်လုပ်ရေးဧည့်ရိပ်သာ၌ ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းများမှ အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်ရေး၊ နွေရာသီလူငယ်သင်တန်းများကို စီမံချက်ပါအတိုင်း ဆက်လက်ဖွင့်လှစ်သွားရေးမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့သို့ ထွက်ခွာပြီး မြို့နယ်အသင်းရုံး၌ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ ပင်လည်ဘူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဝင်များကို တွေ့ဆုံမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပင်လည်ဘူး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ပင်လည်ဘူး–ဗန်းမောက်လမ်းပေါ်ရှိ အရှည် ၃၄၅ ပေရှိ နမ်းမားချောင်းကူး တံတားကြီးကို ငွေကျပ် ၃၆၉သိန်း အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေမှုကိုသွားရောက် ကြည့်ရှုအားပေးပြီး အရှည်တည်တံ့ အသုံးပြုနိုင်ရေးအတွက် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားရေး မှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ပင်လည်ဘူးမြို့နယ် ကပ္ပန္နာရွာသို့ သွားရောက်ပြီး အနောက်မြောက် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့၏ ပံ့ပိုးမှုဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် မူလတန်းကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အမှာစကားပြောကြား၍ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများပေးအပ် လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ဗန်းမောက်မြို့နယ် စာခမ်းကျေးရွာသို့ ရောက်ရှိပြီး စာခမ်း–ဟော်ယောကျေးလက် ဖွံ့ဖြိုးရေး လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးကာ အမှာစကားပြောကြား၍ ကျောင်းသုံးဗလာစာအုပ်များနှင့် အား ကစားပစ္စည်းများပေးအပ်လှူဒါန်းသည်။ စာခမ်း–ဟော်ယောကျေးရွာချင်းဆက်လမ်းမှာ အရှည် ၁၅မိုင်ရှိ မြေသားလမ်းဖြစ်ပြီး အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်သူလူထုစုပေါင်း ဖောက်လုပ်ခဲ့ခြင်းဖြစ်ရာ ယခုကဲ့သို့ လမ်းသစ်ဖွင့်လှစ်နိုင်ခဲ့သဖြင့် စာခမ်းကျေးရွာနှင့် ဟော်ယောကျေးရွာ ဆက်သွယ်ရာတွင် ယခင်က ၃၅ မိုင် ကွာဝေးနေရာမှ မိုင် ၂၀ခန့် သက်သာသွားပြီဖြစ်သည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ပင်လည်ဘူးမြို့နယ် ဟဲကွီးရွာသို့ရောက်ရှိပြီး မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ကျောင်းဆောင်သစ်အပြီး သတ်ဆောက်လုပ်နိုင်ရန်အတွက် သွပ်အချပ် ၁၈၀နှင့် ဘိလပ်မြေအိတ် ၁၀၀ လှူဒါန်းသည်။ ဆက်လက်၍ ပင်လည်ဘူးမြို့နယ် ဟော်ယောကျေးရွာသို့သွားရောက်ပြီး ဇမ္ဗူအေးရွှေတိဂုံပုံတူစေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ပေးအပ်လှူဒါန်း

ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၄ ရက် နံနက် ၇ နာရီတွင် ကသာမြို့ တောင်ပေါ်ပရဟိတကျောင်း၌ကျင်းပသော တွဲဖက်အလယ်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲသို့တက်ရောက်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ် ကြမ်းခင်းရန်အတွက် ဘိလပ်မြေအိတ် ၁၀၀၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကသာခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကသာ၊ အင်းတော်၊ ဝန်းသို၊ ကောလင်း၊ ထီးချိုင့်မြို့နယ်များမှ စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင်များကို တွေ့ဆုံမှာကြား၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ကသာခရိုင်နှင့် ကသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များအား အသင်းကိစ္စရပ်များတွေ့ဆုံမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထီးချိုင့်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ထီးချိုင့်မြို့သို့ ထွက်ခွာပြီး မြို့နယ်အသင်း အမှုဆောင်များအား တွေ့ဆုံပြီး အသင်းကိစ္စများမှာကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ထီးချိုင့်မြို့နယ် ဖုန်းကုန်းကြီးရွာနှင့် တကောင်း–ကသာ–ဗန်းမော်လမ်းကို ဆက်သွယ်သော ပေ ၃၀၀၀ အရှည် ကျေးလက်ဖွံ့ဖြိုးရေးလမ်းဖောက်လုပ်မှုကို ကြည့်ရှုအားပေးပြီး အားကစားပစ္စည်းများပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ထီးချိုင့်မြို့နယ် အုတ်ဆုံကျေးရွာနှင့် တကောင်း–ကသာ–ဗန်းမော် မဟာဗျူဟာလမ်းကို ဆက်သွယ်သည့် အရှည်ပေ၂၀၀၀ရှိ ကျေးလက်ဖွံ့ဖြိုးရေးလမ်း ဖွင့်ပွဲသို့ တက်ရောက် ဖွင့်လှစ်ပေးကာ အမှာစကားပြောကြား၍ အားကစားပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်များလှူဒါန်းပြီးတက်ရောက်လာသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငါး/ပုစွန်မွေးမြူသူများ လိုင်စင်လဲလှယ်ရန်ကြေညာ

ရန်ကုန် ဧပြီ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်း စနစ်တကျဖြစ်စေရေးအတွက် ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်–၂၄/၈၉)ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနသည် အဆိုပါ ဥပဒေနှင့်အညီ ငါး/ပုစွန်မွေးမြူခြင်း လိုင်စင်၊ ငါး/ပုစွန်သားပေါက်ထုတ်လုပ်ခြင်းလိုင်စင်၊ အလှပြငါးမွေးမြူခြင်းလိုင်စင် စသည်များကို ထုတ်ပေးလျက်ရှိရာ ယခုအခါ လိုင်စင်ရရှိထားသူများသည် ၂၀၀၄ခုနှစ်တွင် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာ ခရိုင်၊မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများ၌ သက်တမ်းရက်ကုန်ဆုံးပြီး ရက်ပေါင်း၃၀အတွင်း လိုင်စင်အသစ်လဲလှယ်ကြရန် လိုအပ်သည်။

ထို့အပြင် ငါး/ပုစွန်မွေးမြူခြင်းဆိုင်ရာလုပ်ငန်းများကို စတင်လုပ်ကိုင်လိုသူများသည်လည်း သက်ဆိုင်ရာ ခရိုင်၊မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများ၌ လိုင်စင်လျှောက်ထားရယူပြီးမှ လုပ်ကိုင်ကြရမည်ဖြစ်သည်။

ငါးမွေးမြူခြင်းလိုင်စင်မရှိဘဲ ငါးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာထားသည်။ (သတင်းစဉ်)



တောင်တွင်းကြီးမြို့နယ် ကျေးလက်မြေသားလမ်းဖောက်လုပ်မှု နယ်စပ်/ စည်ပင်ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် လိုက်ပါလျက် တောင်တွင်းကြီးမြို့နယ် အောင်သုခကျေးရွာနှင့်ပျဉ်းမကျေးရွာသို့ ဆက်သွယ်သွားလာနိုင်ရန် ကျေးရွာလူထုက ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသော အရှည်တစ်မိုင်၊ အကျယ် ၂၅ပေရှိ မြေသားလမ်းနေရာသို့ရောက်ရှိပြီး ကျေးရွာလူထုနှင့်အတူ လမ်းကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးက အဆိုပါလမ်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ကျောက်ချောလမ်းသို့ အဆင့်မြှင့်နိုင်ရန် လိုအပ်သည်များ ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ စည်ပင်သာယာရေးဝန်ထမ်းများသည် ပြည်သူလူထုနှင့် အမြဲထိတွေ့ဆက်ဆံနေရသောသူများဖြစ်၍ ပြည်သူလူထုအကျိုးအတွက် အမြဲဦးထိပ်ထားဆောင်ရွက်ရေး၊ လုပ်ငန်းများကိုလည်း ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားသည်။

စီမံချက်ရေးဆွဲ

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး ဆောင်ရွက်နေသော ပင်မစက်ရုံနှင့် ရေစုကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားသည်။ ထိုမှတစ်ဆင့် စက်ရေတွင်းဟောင်း အမှတ်(၁)၊ အမှတ်(၂)၊ အမှတ် (၉)၊ အမှတ်(၁၀)များသို့ သွားရောက်ကြည့်ရှု၍ လျှပ်စစ်လိုင်းများ စနစ်တကျရှိစေရေးအတွက် ပြန်လည်ပြုပြင်သင့်သည်များကို ပြုပြင်ရန်မှာကြားပြီး မြို့ရေပေးရေးအတွက် အသုံးပြုရသည့် စက်ရေတွင်းများကို ပိုမိုကောင်းမွန်အောင်ပြုပြင်ရန်အတွက် စီမံချက်ရေးဆွဲတင်ပြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့နယ် ရွာတော်ကျေးရွာရှိ အဖွဲ့ရန်ပုံငွေဖြင့် တူးဖော်ပြီးစီးသွားသည့် စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးပြီး စက်ရေတွင်း အရှည်တည်တံ့အောင် အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပြီးစီးသွားသော အောက်ကျောင်းကျေးရွာရှိ ဦးစန်းမောင် ဒေါ်အုန်းရီနှင့် ဦးရာထွန်း ဒေါ်ခင်မာဝေတို့၏ တန်ဖိုးနည်းကျေးလက်အိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့ လှူဒါန်းထားသော မင်းဘူးမြို့နယ် လေးအိမ်တန်းကျေးရွာ စက်ရေတွင်းကို သွားရောက်ကြည့်ရှုပြီး စက်ရေတွင်း အရှည်တည်တံ့ ကောင်းမွန်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ကျေးရွာရှိတာဝန်ရှိသူတို့အား မှာကြားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

(၁၂)ကြိမ်မြောက် ရဟန်းခံရှင်ပြုပွဲ

ရန်ကုန် ဧပြီ ၆

ရန်ကုန် (အနောက်ပိုင်း)ခရိုင် မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိမိသားစုတို့၏ (၁၂)ကြိမ်မြောက် စုပေါင်း ရဟန်းခံရှင်ပြုပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို အမှတ် (၃) ရပ်ကွက် ကံသာဗေယျံကျောင်းတိုက်ကြီးအတွင်း၌ သင်္ကြန်ရက်အတွင်း စည်ကားသိုက်မြိုက်စွာ ကုသိုလ်ပြုမည်ဖြစ်ပါသည်။ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးစာရင်းနှင့် သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်လိုသူအမည်စာရင်းများကို ဧပြီ ၉ရက်နောက်ဆုံးထား၍ အလှူပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်ထွန်း၊ ပြန်ကြားရေးတာဝန်ခံ ဦးမျိုးမင်းသိန်းတို့သို့စာရင်းပေးပို့နိုင်ကြောင်းနှင့် ဖုန်း–၆၆၁၅၂၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၄၂၁)**

တားမြစ်

အရက်၊ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ဟွန်းမတီးရ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

မဟာသိဒ္ဓိဇယစေတီတော် အမရဝတီသာသနာ့ဗိမာန်တော် စက်ခလုတ်နှိပ်ဖွင့် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် မြိတ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းဆင်းပွဲတက်ရောက်

ရန်ကုန် ဧပြီ ၆

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁ ရက် နံနက်ပိုင်းက မြိတ်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်း၌ ကျင်းပသော အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၉/၂၀၀၄)နှင့် အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၃၈/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းသင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် မဟာသိဒ္ဓိဇယစေတီတော်၊ မဟာဗောဓိပူဇာ နှစ်ကျိပ်ရှစ်ဆူ ဗောဓိမြိုင်တော် ပူဇော်ပွဲသို့ တက်ရောက်ကြည်ညို၍ ဗောဓိမြိုင်တော်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ပူဇော်သည်။

ဆက်လက်၍ မဟာသိဒ္ဓိဇယစေတီတော် အနောက်မြောက်ဘက်တွင် တည်ရှိသော အမရဝတီသာသနာ့ဗိမာန်တော်ဖွင့်ပွဲကို ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးသူရက ဧယျမင်္ဂလာဧကပိုဒ် ရတုလင်္ကာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ယုဇနကုမ္ပဏီ ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က အမရဝတီသာသနာ့ဗိမာန်တော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မော်ကွန်းကမ္ပည်း ကျောက်စာတော်ကို စက်ခလုတ်နှိပ်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

အဆိုပါ အမရဝတီသာသနာ့ဗိမာန်တော်ကြီးကို စေတနာရှင်၊ အလှူရှင်များက ငွေကျပ်သိန်း ၁၀၀၀၊ ယုဇနကုမ္ပဏီ ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးဌေးမြင့်နှင့် ဇနီး ဒေါ်အေးအေးမော်၊ ယုဇနကုမ္ပဏီဒါရိုက်တာများဖြစ်ကြသော ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ကြူကြူ၊ ဦးကျင်တိုးနှင့်ဇနီး ဒေါ်သန်းသန်းယု မိသားစုတို့က ငွေကျပ်၁၂၆၇ သိန်းကျော် စုစုပေါင်းငွေကျပ် ၂၂၆၇ သိန်းကျော်တို့ဖြင့် ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မဟာသိဒ္ဓိဇယစေတီတော် စန္ဒရုံစံကျောင်းတော်တွင် သီတင်းသုံးလျက်ရှိသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအား သွားရောက် ဖူးမြော်ကြည်ညိုသည်။

(သတင်းစဉ်)

မောင်တောမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဧပြီ ၆

မောင်တောမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၃ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မဏ္ဍလာကံယုံကျောင်း သာသနာ့လင်္ကာရပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ မတ် ၃၁ ရက်တွင် အသက် ၈၀ ပြည့်ပြီးသူ အသင်းဝင်များနှင့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်း အထောက်အထားဖြင့် ဧပြီ ၈ ရက်နောက်ဆုံးထား၍ အသင်း ဥက္ကဋ္ဌ ဦးကံသိန်းအောင် ဖုန်း–၅၄၂၅၆၈၊ တွဲဖက် အတွင်းရေးမှူး ဦးမောင်သိန်းကျော် ဖုန်း–၇၂၄၇၁၄ နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်စောဝေ ဖုန်း–၀၉–၅၁၀၆၅၅၇ တို့သို့ ဆက်သွယ် စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(၃၅၂)**

ကျောဖုံးမှအဆက်

ပြပွဲလာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ဖမ်းစားခဲ့သည်။ ခန်းမအဆောက်အအုံဝန်းကျင်၌ ကျောက်စိမ်းအရည်ကျောက်ရိုင်းနှင့် အသားကျောက်ရိုင်း အတုံးများ၊ ထည်လုံးစိမ်း ကျောက်စိမ်းအရိုင်းတုံးများ တစ်မျှော်တစ်ခေါ်ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအရိုင်းတုံးများက ပြပွဲလာသူများအား ဣန္ဒြေရရ ညို့ဓာတ်ပြ၍ ဆွဲဆောင်နေသည်။



၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသော မိုးကုတ်မှထွက်ရှိသည့် ၁၃ ကရက်ရှိ နီလာလုံးချောကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–ထွေးကြည် (မြန်မာ့အလင်း)

ကျောက်မျက်ရတနာခန်းမ၏ အပေါ်ဆုံးထပ်ရှိ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများနှင့် ပုလဲအတွဲများ ခင်းကျင်းပြသရောင်းချမှု မြင်ကွင်းကလည်း ပြပွဲလာပရိသတ်များကို အလှဂုဏ်ဝင့်စွာဖြင့် အပေါ်စီးက လှမ်းခေါ်မြူဆွယ်နေသကဲ့သို့ ရှိနေသည်။

ယခု (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲတွဲများကို ထူးထူးခြားခြား စီစဉ်ပြသထားသည်ကို သိသိသာသာတွေ့ရှိရသည်။ ယခုနှစ်ပြပွဲ၌ အရေအတွက်အများဆုံး၊ အရည်အသွေးအကောင်းဆုံး အဆင့်အတန်းမြင့်မားလှသည့် ကျောက်စိမ်းနှင့်ပုလဲအတွဲများ စနစ်တကျပြသထားသည်။

ကျောက်မျက်ရတနာခန်းမဝန်းကျင်၌ အဖိုးတန်ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ပြသထားသည့် မြင်ကွင်းကျယ်ကြီးသည် ပန်းဈေးခင်းကြီးပမာ ဝေဝေဆာဆာနှင့် မင်္ဂလာအဖြာဖြာ ပြည့်စုံစွာ ရတနာကုန်သည်များအား ကြိုဆိုလျက်ရှိနေသည်မှာ မျက်စိထဲက မထွက်နိုင်သည့် မြင်ကွင်းများဖြစ်နေသည်။

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာခွင့်ပြုပြီး ဧပြီ ၂ ရက်မှ ၄ရက်အထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချလျက်ရှိရာ ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမကြီး၌ ရတနာကုန်သည်စုစုပေါင်း ၁၀၀၀ ကျော်တို့သည် အလုအယက် အပြိုင်အဆိုင် ဝယ်ယူရရှိရေးအတွက် ပျားပန်းခပ် လှုပ်ရှားခဲ့ကြသည်။

ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုကို စိတ်အဝင်စားဆုံးနိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည်များ ဖြစ်ကြသည်။ အခြေခံဈေးထက် အဆများစွာပေး၍ အပြိုင်အဆိုင် ဝယ်ယူနေကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နှစ်ပေါင်းများစွာ လာရောက်ဝယ်ယူနေကျ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည်တစ်ဦးနှင့် တွေ့ဆုံပြီး မေးမြန်းရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အခြားသောကျောက်စိမ်းထွက်ရှိသည့် နိုင်ငံများမှ ထွက်ရှိသော ကျောက်စိမ်းများသည် အရည်အသွေးအရ ကျောက်စိမ်းအရောင် ယှက်နွှယ်နေသည့် ကျောက်မြူကျောက်စိမ်းများသာ ဖြစ်ကြောင်း၊ အမှန်တကယ် အရည်အသွေးမီ ကျောက်စိမ်းတုံးများသည်

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်ကြီးများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကသာ ထွက်ရှိကြောင်း၊ ထို့ကြောင့်လည်း အရည်အသွေးမီ ကျောက်စိမ်းများထွက်ရှိရာ မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာပြပွဲသို့ နှစ်စဉ်လာရောက်ပြီး ကျောက်စိမ်းများကိုဝယ်ယူကာ နည်းပညာများဖြင့် ကမ္ဘာ့ဈေးကွက်၌ ပြန်လည်ရောင်းချနိုင်သည့်အတွက် အကျိုးအမြတ်များ ရရှိခဲ့ပါကြောင်းဖြင့် စာရေးသူအား ထုတ်ဖော်ပြောကြားသည်။

ယခု (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့်ကျောက်စိမ်းအတွဲပေါင်းမှာ၂၁၄၀၊ ကျောက်မျက်အတွဲပေါင်းမှာ ၁၄၄နှင့် ပုလဲအတွဲပေါင်း ၃၀၀ တို့ဖြစ်ကြပြီး ပုံသေဈေးနှုန်းဖြင့် ရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ရုပ်တုရုပ်ထွင်းများနှင့် လက်ဝတ်ရတနာများလည်း ပါဝင်ရောင်းချသည်။

အချုပ်ဆိုရသော် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များ တိုးတက်ရောက်ရှိ၍ ကျောက်မျက်ရတနာများအား အပြိုင်အဆိုင်ဝယ်ယူနေကြသည့်အတွက် အောင်မြင်မှုရရှိသော ရတနာပြပွဲဟု ဆိုချင်ပါသည်။

သို့ဖြစ်ရာ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများ အောင်မြင်လာခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂလိက ကုမ္ပဏီများပူးပေါင်းပြီး ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းနှင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာလာခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ တန်ဖိုးကြီးမားသည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများကို တိုးချဲ့ရှာဖွေ ထုတ်လုပ်ပေးနိုင်ပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတော်ဝင်ငွေ တိုးတက်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းတို့၏ ရလဒ်ပင် ဖြစ်ပါတော့သည်။ ။

ကျောက်စိမ်းတုံး

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသော ဖားကန့်မြို့နယ် ကရင်ချောင်း ဒေသမှ ထွက်ရှိသည့် အလေးချိန် ၁၈၃ ဒသမ ၅၀ ကီလိုဂရမ်ရှိ ကျောက်စိမ်းတုံးကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း– ထွေးကြည် (မြန်မာ့အလင်း)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု စုပေါင်းရဟန်းခံရှင်ပြုပွဲနှင့် သီလရှင်အလှူပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းတို့အား အမှူးထား၍ သတ္တုတွင်းဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုပွဲနှင့် သီလရှင်ပြုအလှူပွဲကို ယနေ့နံနက်၁၀နာရီတွင် ဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်မေစန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းမိသားစုများတက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ သဃ်န်းကျွန်းမြို့နယ် ဓမ္မမေဒနီကျောင်းတိုက်မှ သံဃာတော်များ၊ ပထမရွှေကျင်ကျောင်းတိုက်မှ သံဃာတော်များ၊ မဟာသိပ္ပံကျောင်းတိုက်မှ သံဃာတော်များ၊ ကျိုက္ကစံပရိယတ္တိ ပရိယတ္တိသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီးများ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ဒုလ္လဘရဟန်း၅၃ပါး၊ သာမဏေ၂၂ပါး၊ သီလရှင်၁၈ပါးတို့ ကြွရောက်တော်မူကြသည်။

ယင်းနောက် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ သဃ်န်းကျွန်းမြို့နယ် မဟာသိပ္ပံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်သာသနဓဇသိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သီရိဓမ္မထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များချီးမြှင့်သရဇ္ဈာယ်သော ပရိတ်တရားတော်များနာယူကြသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီးဒေါ်ခင်မေစန်းနှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ သဃ်န်းကျွန်းမြို့နယ် မဟာသိပ္ပံ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်သာသနဓဇ သိရီပဝရဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိဓမ္မက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်များကလှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်-ဘဲဈေး သာသနာပြုမိသားစုများ၏ (၄)ကြိမ်မြောက်စုပေါင်း ဒုလ္လဘ ရဟန်းခံ အလှူတော် မင်္ဂလာ အခမ်းအနားကို ဧပြီ ၃ရက်က အရှေ့တောရ ငါးထပ်ကြီးစာသင်တိုက်၌ပြုလုပ်ရာ သာသနဓဇ ဓမ္မာစရိယ ဒုတိယနာယကဆရာတော် အရှေ့တောရ အရှင်ပါမောက္ခ အမှူးပြုသော သံဃာတော် ၂၅ပါးတို့အား ဈေးတာဝန်ခံဦးမျိုးသန့်၊ သာသနာပြု ဦးစန်း၊ ဈေးဥက္ကဋ္ဌ ဦးဆွေသန်းနှင့် အလှူရှင်များက သိမ်ဆင်းလောင်းလှူကြစဉ်။ (ဝ၅၄)

မဟာမဲခေါင်ဒေသခွဲနိုင်ငံများပါဝင်သော မန္တလေးမဟာသင်္ကြန်ပွဲတော် စီစဉ်ဆောင်ရွက်နေမှုများဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူစစ်ဆေး

ရန်ကုန် ဧပြီ ၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၄ ရက်က မန္တလေးမြို့သို့ရောက်ရှိပြီး ၂၀၀၅ခုနှစ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများပါဝင်သော မန္တလေးမဟာသင်္ကြန်ပွဲတော်အတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၄ရက် ညနေပိုင်းတွင် ယဉ်ကျေးမှုကဇာတ်ရုံသို့ သွားရောက်ပြီး သင်္ကြန်ပွဲတော်တွင် ဖျော်ဖြေတင်ဆက်မည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ ယဉ်ကျေးမှုအကများကို ကြည့်ရှုလေ့လာပြီး အကများသည် မြန်မာ့ယဉ်ကျေးမှုကို ပေါ်လွင်စေရန်၊ မြန်မာ့ဟန်၊ မြန်မာ့မာန်ကို ခံ့ခံ့ထည်ထည် ဖော်ပြရန် ရည်ညွှန်းသင့်ကြောင်း ဖြည့်ဆည်းဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူသည် ဧပြီ၅ရက် နံနက်ပိုင်းတွင် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများနှင့်အတူအင်းဝဟိုတယ် မျက်နှာစာရှေ့ရှိ ဗဟိုမဏ္ဍပ် အပါအဝင် မဟာမဲခေါင်ဒေသနိုင်ငံများ ကိုယ်စားပြုမဏ္ဍပ်များ တည်ဆောက်နေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသဝင် ပြည်ပနိုင်ငံများကိုယ်စားပြု အလုပြယာဉ်များ တည်ဆောက်နေမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ သင်္ကြန်ပွဲတော် (မန္တလေး) ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုတင်စီစဉ် ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယခင်ထွန်းလှဟိုတယ်ဖြစ်သော မြမန္တလာဟိုတယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောတိုက်ဓမ္မရိပ်သာ ဒုလ္လဘအထူးတရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာန မဟာနာယက ရွှေတိဂုံ၊ ဗိုလ်တထောင်၊ မြို့ဦး၊ သာစုကန်စေတီတော် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်ဆရာတော်ကြီး ကိုယ်တိုင် မဟာသင်္ကြန် ဒုလ္လဘတရားစခန်းပွဲကို တပေါင်းလကွယ်နေ့ (ဧပြီ ၈ရက်)တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများနှင့် တရားအားထုတ်လိုသော ယောဂီများသည် ဧပြီ ၇ရက် မွန်းလွဲ၁နာရီ၌ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ မန္တလေးမြို့တွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ပါဝင်သော မန္တလေးမဟာသင်္ကြန်ပွဲတော်အတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဟိုတယ်/ခရီး)

သတိပေးနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်

- (၁) မူးယစ်သောက်စားယာဉ်မမောင်းရ၊
- (၂) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ၊
- (၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ၊
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ၊
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ၊
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ၊
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ၊
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ၊
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။

(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဃ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မည်စွန်းမပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

စာရင်းစစ်ချုပ်ရုံးမိသားစု ဒသမအကြိမ် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဧပြီ ၆

စာရင်းစစ်ချုပ်ရုံး စေတနာရှင် သွေးလှူရှင်များဦးဆောင်အဖွဲ့က ကြီးမှူး၍ စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများသည် ပြည်သူ့ကျန်းမာရေး အကျိုးပြုရည်ရွယ်ချက်ဖြင့် ဒသမအကြိမ် စုပေါင်း သွေးလှူဒါန်းပွဲကို ယနေ့တွင် အမျိုးသားသွေးလှူဌာန၌ ကျင်းပရာ သွေးလှူရှင် ၇၀ လာရောက်သွေးလှူဒါန်းကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းအေးသည် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများလိုက်ပါ၍ သွေးလှူရှင်ဝန်ထမ်းများကို လိုက်လံအားပေးစကား ပြောကြားသည်။ ကျန်းမာရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာ၊ အမျိုးသားသွေးဌာန တာဝန်ခံ ဒေါက်တာသီတာအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များကလည်း သွေးလှူရှင်များကို အားပေးကူညီကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖျာပုံ အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၆

ဖျာပုံမြို့ အထက(၂)ကျောင်း ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၉ရက်တွင် ဖျာပုံမြို့အထက(၂)တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူ ကျောင်းသူကျောင်းသားဟောင်းများသည် ဦးကျော်တင့် ၀၉၉၉-၇၀၉၅၄၊ ၂၅၆၈၉၃ နှင့် ဦးကျော်ကျော် ၀၉၅၀-၁၆၈၄၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ထူးခြားနေ့အပူချိန်များ

၆-၄-၂၀၀၅

မကွေး	၄၀ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၁၀၄ ဒီဂရီဖာရင်ဟိုက်

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၆

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၁)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

ကြည်အောင်(ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ စိုးမြင့်စိုး(ကျောက်ပန်းတောင်း)၊ ကမ္ဘောဇခင်လှိုင်၊ စလင်းဘုန်းကျော်၊ မောင်ကြင်နွယ်၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ မင်းချမ်းမွန်၊ ထွဋ်ခေါင်၊ ပုဏ္ဏဝတီတင့်နှောင်း၊ အောင်ဆန်းသိန်း(ပခုက္ကူ)၊ နွေသင်နိုင်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ မောင်ဆုရှင်၊ ဒေါက်တာမတင်ဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်မောင်လတ်(နှောင်)၊ ဗိုလ်ကလေးတင့်အောင်၊ မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘေ)၊ ချစ်ကြည်မောင်၊ ချစ်ဦးညို၊ အောင်ဇင်၊ စိုးမြင့်ငြိမ်း၊ မောင်ချိုဝေ၊ စကုဆွေသစ်၊ ရွှေဥဒေါင်း၊ ထွန်းနိုင် (သာသနာရေး)၊ တက္ကသိုလ်စိုးယဉ်၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)၊ယမုံသက်လယ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ ပေါ်ဦးသစ်၊ မောင်ဆန္ဒ (လယ်ဝေး)၊ ဒေါက်တာမင်းလှဲ့ရီ၊ ပုသိမ်လှကြည်၊ မွေးငယ်ငယ်၊ စလင်းမောင်မွေးကြိုင် တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စိုးစံ၊ ဏီမှူး၊ ကချင်မြေငှက်ခါး၊ မောင်နေမွန်တို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အားကစားကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ ကျိုင်းတုံ၊ လှိုင်ကော်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်–မအူပင်လမ်းအတိုင်း ထွက်ခွာလာကြပြီး ကားလမ်းပိုင်း ကြံ့ခိုင်မှုနှင့် လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာရှိ ကွင်းအမှတ် ၇၉၇(ဂ)၌ လယ်သမားကြီး ဦးမာလာ စိုက်ပျိုးထားသော မနောသုခမျိုး နွေစပါး စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတောင်သူကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နွေစပါးစံကွက်ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် တောင်ဥက္ကလာပ စက်မှုဇုန်က ထုတ်လုပ်သော ရွှေနွား ခြေနင်းစပါးခြွေစက်ဖြင့် စပါးခြွေလှေ့နေမှုများကို ကြည့်ရှုအားပေးသည်။

ရွှေနွားစပါးခြွေစက်ကို စက်အားဖြင့်လည်းကောင်း၊ ခြေနင်းဖြင့်လည်းကောင်း ထုတ်လုပ်ထားရှိရာ ခြေနင်းစပါးခြွေစက်သည် တစ်နာရီလျှင် စပါး ၁၀ တင်းမှ တင်း၂၀ခန့်အထိထွက်ရှိပြီး စက်ဖြင့်ခြွေလှေ့ပါက တစ်နာရီလျှင် စပါးတင်း၂၀မှ ၄၀ ခန့်အထိ ထွက်ရှိကြောင်း သိရသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်းအတွင်း နွေစပါးဧက ၁၀သိန်းကျော် စိုက်ပျိုးထားရှိမှု၊ ရာသီကုန်တွင် နွေစပါးဧက ၁၁သိန်း စိုက်ပျိုးရန် ရည်မှန်း ဆောင်ရွက်ထားရှိမှု၊ လက်ရှိဧက သုံးသိန်းခွဲ ရိတ်သိမ်းပြီး ဆက်လက်ရိတ်သိမ်းရန် စီစဉ်ထားရှိမှု၊ ၂၀၀၄–၂၀၀၅ ခုနှစ် ရာသီတွင် မိုးစပါးဧက ၃၅ သိန်း စိုက်ပျိုးထားရှိပြီး ယခု ၂၀၀၅–၂၀၀၆ ခုနှစ် ရာသီတွင် တစ်သိန်းတိုး၍ ဧက ၃၆ သိန်း စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တောင်သူကြီး ဦးမာလာ၏ စံကွက်အတွင်း နွေစပါးကို ဓာတ်မြေသြဇာနည်းနည်းဖြင့် မျိုးကောင်းမျိုးသန့် စပါးမျိုးများကို စိုက်ပျိုးပြီး တစ်ဧက တင်း ၁၃၀ ကျော် ထွက်ရှိအောင် စိုက်ပျိုးနိုင်သည်ကို ကျန် တောင်သူကြီးများကလည်း နမူနာယူပြီး အထွက်နှုန်းကောင်းအောင် ကြိုးစားကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

လျှပ်စစ်မြစ်ရေတင်စီမံကိန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မအူပင်မြို့တောင်ဘက် ၃၆ မိုင်အကွာရှိ ကျိုက်လတ် မြစ်ကမ်းဘေး ကျုံစုတ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျုံစုတ်လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား စီမံကိန်း ရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးလွင်က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စက်ယန္တရားများနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရေး စီမံကိန်းသည် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သော်လည်း မပြီးစီးမီ ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်းမှာပင် လုပ်ငန်းပြီးစီးမှုအခြေအနေအပေါ် မူတည်၍ နွေစပါးနှင့် အခြားသီးနှံများကို ကြိုတင်၍ စိုက်ပျိုးနိုင်သမျှ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

စိုက်ပျိုးရေပေးဝေရန်ရည်ရွယ်

အဆိုပါ ကျုံစုတ်လျှပ်စစ် မြစ်ရေတင်စီမံကိန်းကို ကျိုက်လတ်မြစ် (ပံတပွတ်မြစ်)၏ အနောက်ဘက်ခြမ်းတွင် ရေပေါ်ရေတင်စက်များဖြင့် ရေတင်အဆင့် တစ်ဆင့်တွင် လျှပ်စစ်မော်တာတွဲ ပန့်ကြီးများကို အသုံးပြုလျက် ဧက ၉၀၀၀ ကို စိုက်ပျိုးရေ ပေးဝေရန် ရည်ရွယ် ဆောင်ရွက်နေခြင်း ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ကျိုက်လတ်မြို့သို့ ရောက်ရှိကြပြီး ကျိုက်လတ်မြို့ လှည်းဆိပ်ကျေးရွာ တံဘိုးကုန်းအရှေ့ကွင်း ကွင်းအမှတ် (၉၉–B)၌ လယ်သမားကြီး ဦးကုလား စိုက်ပျိုးထားသော သီးထပ်ရင်မျိုး နွေစပါးရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံ တောင်သူဦးကြီးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး ဒေသနှင့် ကိုက်ညီသည့် စပါးများကို ကုန်ကျစရိတ်သက်သာစွာဖြင့် စိုက်ပျိုးပြီး အထွက်နှုန်း ကောင်းမွန်ရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ရွှေနွားခြေနင်း စပါးခြွေစက်ဖြင့် စပါးခြွေလှေ့နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နံနက် ၁၁ နာရီခွဲတွင် ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ရွှေဝါလတ်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ချမှတ်အကောင်အထည်ဖော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ကဏ္ဍအလိုက် အဘက်ဘက်က ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့အတူ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက်လည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အချက် သုံးချက်အပေါ်တွင် အဓိကတည်မီလျက်ရှိကြောင်း၊ ယခုအခါတွင် နိုင်ငံတစ်ဝန်းလုံး အေးချမ်းတည်ငြိမ်မှုရရှိနေပြီ ဖြစ်ကြောင်း။

သစ်ဆိမ့်ပင်စိုက်ပျိုး

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်၏ အဓိကစီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က အဓိကသီးနှံဆယ်မျိုးကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် အမယ်သစ် သီးနှံဖြစ်သည့် ငရုတ်ကောင်းကိုလည်း နည်းလမ်းသုံးသွယ်ဖြင့် စိုက်ပျိုးရန်နှင့် နှစ်ရှည် ရော်ဘာကိုလည်း ဧရာဝတီတိုင်းအတွင်း ဧကငါးသောင်း စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေအထိ ကွင်းဆင်းပြီး ပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသနှင့် ကိုက်ညီပြီး အရိပ်လည်းရ စားသုံးဆီလည်းရသည့် သစ်ဆိမ့်ပင်များကိုလည်း စိုက်ပျိုးရန်လိုကြောင်း။

မွေးမြူရေး ကဏ္ဍအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ငါးမွေးမြူရေးနှင့် ဒေသကြက်ကိုလည်း အိမ်တိုင်းတစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ မွေးမြူရန် တာဝန်ရှိသူများက ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ကျိုက်လတ်–ဖျာပုံလမ်းအတိုင်း ထွက်ခွာလာကြပြီး မွန်းလွဲပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၇)က တာဝန်ယူတည်ဆောက်နေသည့် ဖျာပုံတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သတ်မှတ်ချိန်ထက် ဆောလျင်စွာ ပြီးစီးအောင် ဆောင်ရွက်ရေး၊ လေလွင့်မှုမရှိစေရေး၊ စံချိန်စံညွှန်းမီစွာဖြင့် သပ်ရပ်ကောင်းမွန်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်း စီမံဆောင်ရွက်ပေးသည်။

လွယ်ကူစွာပို့ဆောင်နိုင်

အဆိုပါတံတား ပြီးစီးသွားပါက ဖျာပုံမြို့မှတစ်ဆင့် ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ဒလ၊ ရန်ကုန်သို့ ကားလမ်းအတိုင်း ၅၄ မိုင်ခန့်သာ ကွာဝေးတော့မည်ဖြစ်၍ ယခင် ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ ရန်ကုန်လမ်း မိုင် ၉၀ ခန့်ထက် ၃၆ မိုင်ခန့် ပိုမိုနီးသွားတော့မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှင့် ပြည်သူများ သွားလာမှု ပိုမိုလွယ်ကူချောမွေ့ကာ ဧရာဝတီတိုင်း၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။ ထို့ပြင် ဧရာ၊ အမာ၊ ဘိုကလေးမြို့စသည့် ပင်လယ်ကမ်းခြေမြို့များမှ ပင်လယ်ထွက်ကုန်များကိုလည်း အဆိုပါ တံတားကြီးမှဖြတ်၍ ရန်ကုန်မြို့သို့ လွယ်ကူစွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ပါဠိပထမပြန်စာမေးပွဲ ရေစက်ချအောင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိပထမပြန်စာမေးပွဲ ရေစက်ချအောင်ပွဲ အခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တ အဂ္ဂဇဗထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလှအောင်က သာသနာတော်ဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြသည်။

၁၃၆၆ ခုနှစ် ဗဟန်းမြို့နယ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ၃ ရက်အထိ အထက(၁)ဗဟန်းနှင့် အလက(၃)ဗဟန်းတို့၌ ကျင်းပခဲ့ပြီး ရဟန်းသံဃာတော်နှင့် သီလရှင် စာဖြေ အကြီးတန်း ၃၃၄ ပါး၊ အလယ်တန်း ၄၃၆ ပါးနှင့် အငယ်တန်း ၄၇၈ ပါး စုစုပေါင်း ၁၂၄၈ ပါးတို့ ဝင်ရောက်ဖြေဆိုကြသည်။ **(သတင်းစဉ်)**

သန်လျင်မြို့ ကျိုက်ဒေးယျုံ ဆရာတော် ဓမ္မဒူတခရီး

ရန်ကုန် ဧပြီ ၆

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက ကျိုက်ဒေးယျုံ အရှင်ဥတ္တရမ္ဘာစရိယ နယ်လှည့်ဓမ္မကထိကသည် ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျိုက်ဒေးယျုံ တရားစခန်း၌ လည်းကောင်း၊ ၁၄ရက်တွင် သန်လျင်မြို့ သက်ကြီးပူဇော်ပွဲ၌ လည်းကောင်း၊ ၁၉ရက်နှင့် ၂၀ ရက်တွင် ကျောက်ပန်းတောင်းမြို့ မဟာအောင်မြေရတနာ စာသင်တိုက် ငါးထပ်ကျောင်းဆောင်သစ် ရေစက်ချပွဲ၌လည်းကောင်း၊ ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အထိ လပွတ္တာမြို့နယ် ပိုးလောင်းကြီး ဗုဒ္ဓပူဇနိယ စုပေါင်း ရဟန်းခံရှင်ပြုပွဲ၌ လည်းကောင်း၊ မေ ၁၀ ရက်တွင် အမ်းမြို့ တိပိဋကရေ ပူဇော်ပွဲ၌လည်းကောင်း တရားဟောကြားမည်ဟု သိရသည်။ **(က–ပ)**

ဧပြီ ၆ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်း အဖွဲ့နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော Introduction to Internet (၅/၂၀၀၅) သင်တန်း ဆင်းပွဲတွင် အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးက သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၀၇၉)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တီဘီရောဂါ ကာကွယ်နှိမ်နင်းရေး

(က) **ရောဂါဖြစ်ပွားကူးစက်ပုံ**
- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်သည်။
- ဝေဒနာရှင်ချောင်းဆိုးခြင်း၊ နှာချေခြင်းသလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ကူးစက်သည်။
- အသက်အရွယ်မရွေးလူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှုရှိသူများတွင် အဖြစ်များသည်။

(ခ) **ရောဂါလက္ခဏာများ**
- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ်(၃)ပတ်နှင့်အထက်)၊
- ချောင်းဆိုးသွေးပါခြင်း၊
- သလိပ်တွင်သွေးပါခြင်း၊
- အဖျားတာရှည်ခြင်း၊
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း၊
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း၊
- ကျောရင်အောင့်ခြင်း။

(ဂ) **ကြိုတင်ကာကွယ်ခြင်း**
- ရင်သွေးငယ်များအား ကာကွယ်ဆေး(ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပုဝါကို အသုံးပြုပါ။
- သလိပ်နှင့်တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ပါ။

(ဃ) **ကုသမှုခံယူခြင်း**
- "တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု" နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှ အကောင်းဆုံးကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါသံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။ **ကျန်းမာရေးဝန်ကြီးဌာန**

✡ ကျောဖုံးမှ

လွန်ခဲ့သည့် ၂၄ နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လမြိုင်မြို့နှင့် သထုံမြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ ဧပြီ ၇ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဒေါပုံမြို့နယ် သဘော်ကျင်း ရပ်ကွက် ပညာအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို မတ် ၂၁ ရက်က သဘော်ကျင်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင်ရီနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တပ်မတော်၏ "တပေါင်းတစည်းတည်း ပြည်ထောင်စု" စွမ်းဆောင်မှု

၂၀၀၄ ခုနှစ် ဒီဇင်ဘာလ၃၀ရက်နေ့က ကျင်းပခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၄)တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာပြီး တိုင်းရင်းသားလူမျိုးများအားလုံးသည်လည်း တပေါင်းတစည်းတည်း ဖြစ်လာမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ငွေကြေးအကျိုးအမြတ် အမြတ်အစွန်းကို အဓိက မထားဘဲ နယ်စပ်ဒေသများနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ အားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက် အောင်မြင် ပြည့်မြောက်ရေးကိုသာ အလေးအနက်ထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း"ဖြင့် လမ်းညွှန်မိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့စဉ်က တိုင်းရင်းသားအများစုနေထိုင်သော တောင်တန်းဒေသများကို နယ်ချဲ့ဗြိတိသျှတို့သည် နာမည်အမျိုးမျိုး မှည့်ခေါ်၍ ပြည်မနှင့်အဆင့်အတန်း ခွဲခြားခဲ့သည်။ ဒိုင်အာခီ ခေတ်မတိုင်မီက **"ခေတ်နောက်ကျသော ဒေသများ"**ဟု ခေါ်၏။ ဒိုင်အာခီခေတ်တွင် **"ခြွင်းချန်ဒေသများ"**ဟု ခေါ်၏။ ဖ၁ဋ္ဌာန အုပ်ချုပ်ရေးခေတ်တွင် **"သီးခြားဒေသများ"**ဟုခေါ်၏။ ဒုတိယကမ္ဘာစစ်အပြီး နယ်ချဲ့ဗြိတိသျှတို့ မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်သောအခါ **"နယ်ခြားဒေသများ"**ဟူ၍ မှည့်ခေါ်ခဲ့သည်။

ဗြိတိသျှ ကိုလိုနီနယ်ချဲ့များပီပီ တောင်တန်းဒေသများတွင် ယင်းတို့အတွက် အကျိုးရှိမည့် သစ်လုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပြီး တောင်တန်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးခြင်း မရှိခဲ့ပေ။ ထိုဒေသရှိ တိုင်းရင်းသားတို့၏ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများကို မစ်ရှင်အဖွဲ့အချို့က မဆိုသလောက် ဆောင်ရွက်ပေးခြင်းအားဖြင့် ၎င်းတို့တာဝန်ကျေပြီဟု ယူဆခဲ့ကြသည်။ တောင်တန်းဒေသများကို ဖွံ့ဖြိုးတိုးတက်ခွင့်မပေးဘဲ မဖွံ့ဖြိုးမတိုးတက်မှုကို အကြောင်းပြကာ ခေတ်နောက်ကျနေသောဒေသများအဖြစ် နိုင်ငံရေးအဆင့် ခွဲခြားသတ်မှတ်ခဲ့သည်။ ထို့မျှမက ၎င်းတို့၏ သွေးခွဲအုပ်ချုပ်ရေးဝါဒဖြင့် ပြည်မနှင့်တောင်တန်းဒေသများကို တစ်ပြေးညီမထားဘဲ ခွဲခြားအုပ်ချုပ်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသော်လည်း နိုင်ငံရေးအစိုးရများသည် အကြောင်းအမျိုးမျိုးကြောင့် တောင်တန်း ဒေသဖွံ့ဖြိုးရေးထက် မိမိတို့အာဏာ တည်မြဲရေးကိုသာ အလေးထားဆောင်ရွက်ခဲ့ကြ၏။

ဤသို့ဖြင့် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု ပယောဂ ပူးကပ်ကာ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းလေးဆယ်ကျော်တိုင် နယ်စပ်ဒေသ၌ ဆူပူမှုအန္တရာယ် ကျရောက်ခဲ့လေသည်။ တည်ငြိမ်အေးချမ်းမှု ဆိတ်သုဉ်းခဲ့သည်နှင့်အမျှ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးမှု ပိုမိုနောက်ကျခဲ့ရပြန်သည်။

၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်က နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ရသည့်ကာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော**"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ"**ကို ၁၉၈၉ခုနှစ် မေလ၂၅ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သည်။

၁၉၈၉ခုနှစ် မေလ ၃၁ ရက်နေ့တွင် **"နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ"**ကို ဖွဲ့စည်းပေးခဲ့သည်။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီမှ ချမှတ်သည့် မူဝါဒများနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေး၍ ဌာနဆိုင်ရာအကြီးအကဲများပါဝင်သော လုပ်ငန်းဆပ်ကော်မတီ ၁၈ခုကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၃–၆–၈၉ရက်နေ့မှစ၍ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် တိုင်းမှူးများ၊ ပြည်နယ်ဥက္ကဋ္ဌများက ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်သော ဒေသဆိုင်ရာ လုပ်ငန်းကော်မတီ ၁၁ခုကို ဖွဲ့စည်းပြီး ခရိုင်နှင့်မြို့နယ် အဆင့်ဆင့်အထိ လုပ်ငန်းကော်မတီများ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၁၉၉၂ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဝန်ကြီးဌာနအသစ်အဖြစ် ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။ ၁၉၉၄ခုနှစ် ဇန်နဝါရီလ ၃၀ရက်နေ့တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပီပီပြင်ပြင် စနစ်တကျဆောင်ရွက်နိုင်ရန်**"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ"**ကို ၁၃–၈–၉၃ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့သည်။ ထိုဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ပင်မစီမံကိန်းတစ်ရပ် ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ပြည်နယ်ခုနစ်ခု၊ တိုင်းနှစ်ခု၊ ဒေသ ၁၈ ခု၏ အကျယ်အဝန်းမှာ ခန့်မှန်းစတုရန်းမိုင် ၈၃၄၁၅ ဒသမ ၃၄ရှိသည်။ အကျုံးဝင်သောမြို့နယ် ၆၈ မြို့နယ်ရှိပြီး ယင်းဒေသတွင် နေထိုင်လျက်ရှိသော လူဦးရေမှာ ၅၃ သိန်းခန့် ရှိသည်။

နိုင်ငံတော်က နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **လမ်းတံတားကဏ္ဍ** သည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နယ်စပ်ဒေသများအတွက် အဓိက လိုအပ်ချက်ဖြစ်သည်။ သို့ဖြစ်၍ လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှ ၁၂–၂–၂၀၀၅ရက်နေ့အထိ မြေလမ်း ၃၀၉၃မိုင်၊ ကျောက်ခင်းလမ်း ၁၈၇၁မိုင်၊ ကတ္တရာလမ်း ၃၂၉ မိုင်၊ လမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ၃၁၆၂ မိုင် ဆောင်ရွက်ပေးခဲ့သည်။ တံတားကြီး ၅၅ စင်း၊ တံတားငယ် ၆၉၄စင်းနှင့် ကြိုးတံတား ၃၂ စင်းကိုလည်း တည်ဆောက်ပေးခဲ့သည်။ အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေး သွားလာနိုင်သည့် လမ်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ခဲ့သည်။ ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှု ပိုမို ဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရရှိခဲ့သည်။

"လျှပ်စစ်စွမ်းအားကဏ္ဍ"အနေဖြင့် နယ်စပ်မြို့ ရှစ်မြို့၌ အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးခဲ့ရာ မြို့ရွာ ၁၉၂မှာ မီးစက် ၂၅၈ လုံး တပ်ဆင်ပေးပြီး ဖြစ်သဖြင့် မြို့နှင့်ရွာများ လျှပ်စစ်မီးရရှိခဲ့သည့်အပြင် အသေးစားကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။ ဒေသခံ တိုင်းရင်းသားများကလည်း ကိုယ့်အားကိုယ်ကိုး ရေအား လျှပ်စစ်အငယ်စား၊ အလတ်စားများဆောင်ရွက်နေသဖြင့် လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခဲ့သည်။

ခြင်ကျား (မအူပင်)

"ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍ"အနေဖြင့် စာတိုက် ၄၇ခု၊ ကြေးနန်းရုံး ၄၂ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၀တို့ကို တည်ဆောက်ပေးခဲ့သဖြင့် နယ်စပ်ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခဲ့သည်။

"ပညာရေးကဏ္ဍ"အနေဖြင့် နယ်စပ်ဒေသအသီးသီးတွင် အထက်တန်းကျောင်း ၇၂ ကျောင်း၊ အလယ်တန်းကျောင်း ၆၁ ကျောင်း၊ မူလတန်းကျောင်း ၆၅၇ကျောင်း တိုးချဲ့ဆောက်လုပ်ပေးခဲ့သဖြင့် ယခုစာသင်နှစ်တွင် အထက်တန်းကျောင်းသား ၇၃၈၁ဦး၊ အလယ်တန်းကျောင်းသား ၃၂၀၃၆ဦးနှင့် မူလတန်း ကျောင်းသား ၆၉၂၀၄ဦး ပညာသင်ကြားလျက်ရှိရာ စုစုပေါင်း ကျောင်းသား ၁၀၈၆၂၁ဦး ပညာသင်ကြားလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသများမှ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးသည့် တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်သော တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၆ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုပညာသင်တန်းကျောင်း ၁၈ ကျောင်း ဖွင့်လှစ်ပေးခဲ့သည်။ ရန်ကုန်နှင့်မန္တလေးတို့တွင် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိသည်။

ရန်ကုန်နှင့်မန္တလေး ပြည်ထောင်စုတိုင်းရင်းသား ဒီဂရီကောလိပ်များမှ တိုင်းရင်းသားလူငယ် ၂၅၆ဦးတို့ ဘွဲ့ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးခဲ့ပြီး ဌာနဆိုင်ရာများတွင် ခန့်အပ်ပြီးဖြစ်သည်။ အရည်အချင်းမီသူ သင်တန်းသား ၂၈ဦးကို မန္တလေးနည်းပညာတက္ကသိုလ်တွင် B-Tech သင်တန်းအား တက်ရောက်သင်ကြားစေလျက် မဟာသိပ္ပံ/မဟာဝိဇ္ဇာ အရည်အချင်းမီသူ ၁၈ဦးတို့လည်း ရန်ကုန်တက္ကသိုလ်တွင် ဆက်လက် ပညာဆည်းပူးစေပါသည်။ ၂၀၀၄–၂၀၀၅ပညာသင်နှစ်တွင် တိုင်းရင်းသားလူငယ် ၅၅၂ဦးကို ဝိဇ္ဇာ/သိပ္ပံ နှင့် AGTIပညာရပ်များ သင်ကြားပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာမြေစနစ်သို့ ပြောင်းလဲရေးကို ၂၀၀၃–၂၀၀၄ခုနှစ်မှစတင်ပြီး ၁၀နှစ်စီမံကိန်းဖြင့် ဧက ၁၁၁၉၀၀ လျာထားခဲ့သည်။ ယခုအခါ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ကျောက်ထုဒေသတို့တွင် ကုန်းမြင့်လယ်ယာ ၁၁၆၅၉ဧက ဖော်ထုတ်နိုင်ခဲ့သည်။

"မွေးမြူရေးလုပ်ငန်း" အားဖြင့် မွေးမြူရေးခြံ ၁၉ခြံ၊ တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ရုံး ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်းမျိုးကောင်း ၁၁၁ ကောင်ကို ဖြန့်ဖြူးပေးခဲ့သည်။

"သစ်တောလုပ်ငန်း"ကဏ္ဍမှ သစ်တောပျိုးဥယျာဉ်ခုနစ်ခု၊ကြိုးဝိုင်းသစ်တော လေးခု၊သစ်စက် ၁၂ခု ထူထောင်ပေးခဲ့သည်။ သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူနိုင်ရေး၊ သစ်တောပြုန်းတီးမှု ဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပညာပေးပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

"သတ္တုကဏ္ဍ"အနေဖြင့် နယ်စပ်ဒေသ သတ္တုသိုက်များ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များအား စနစ်တကျ တူးဖော်ရေး၊ သတ္တုကဏ္ဍမှ တိုင်းရင်းသားများ အလုပ်အကိုင် အခွင့်အလမ်း ပေါ်ပေါက်လာရေးကို ဦးတည်၍ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံကောင်းများ ရရှိစေရန် ၁၉၈၉ ခုနှစ်မှ ၁၂–၂–၂၀၀၅ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေက ကျပ် ၃၃၇၈၉ သန်း၊ ဝန်ကြီးဌာနအသီးသီးက ကျပ် ၂၉၅၆၄ သန်း စုစုပေါင်း ကျပ် ၆၃၃၅၃ သန်း သုံးစွဲခဲ့သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဗဟိုကော်မတီဥက္ကဋ္ဌက ချမှတ်ပေးထားသည့် ရည်ရွယ်ချက်ငါးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုရည်ရွယ်ချက်ငါးရပ်တွင် **"နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"**ဟူသောအချက် ပါရှိပေသည်။ နယ်စပ်ဒေသဖွံ့ဖြိုးမှုအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေ စုစုပေါင်း၏ ၇၉ဒသမ၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းနှင့် ဆက်စပ်သော ဒေသများတွင် သုံးစွဲခဲ့သည်။

ဘိန်းစိုက်ပျိုးမှုကို တားဆီးနှိမ်နင်းမှုနှင့် ဟန်ချက်ညီ ပန်းတိုင်သစ်စီမံကိန်းဖြင့် ဘိန်းမစိုက်တောင်သူများအား ဆန်၊ ငွေကြေးနှင့် အစားထိုးသီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်မှုကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ် အတွင်း ဆန်အိတ် ၁၉၃၀၀၊ ဆားပိဿာ ၅၀၀၀၊ အစားထိုးစိုက်ပျိုးရေး အတွက် ကျပ် ၁၉၆၅ သိန်းတန်ဖိုးရှိ မျိုးစေ့နှင့်ပျိုးပင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ ၂၀၀၄ခုနှစ် ဩဂုတ်လမှစတင်၍ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ဆောင်ရွက်နေသည့် စီမံကိန်းဒေသများတွင် လစဉ်ဆန်အိတ် ၄၆၅၀ ထောက်ပံ့ပေးလျက်ရှိသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများကတစ်ဆင့် တင်သွင်းလာသော ကုန်ကြမ်းနှင့် ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် ဓာတုဆေးဝါးများကိုလည်း ထိရောက်စွာ တားဆီးနှိမ်နင်းပေးလျက်ရှိသည်။ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေးအတွက် တားဆီးနှိမ်နင်းရေးအပိုင်းက ထိရောက်စွာ ဆောင်ရွက်လျက်ရှိသည်။

ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုးစိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာခဲ့သဖြင့်လည်းကောင်း၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများအကြား မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို ထိရောက်စွာ အသိပညာများ ပေးနိုင်သောကြောင့်လည်းကောင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းလာခဲ့သည်။

တပ်မတော်အစိုးရသည် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုကို စတင်တည်ဆောက်ရမည်ဟု ခံယူသည်။ အကြောင်းအမျိုးမျိုးကြောင့် လက်နက်ကိုင်ဘဝ ရောက်ရှိခဲ့ကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ရောက်ရှိရန်ကြိုးပမ်း၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့်အတူ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသများ၌ ဖွင့်လှစ်ပေးထားသော အိမ်တွင်းမှုပညာသင်တန်းကျောင်းများမှ တိုင်းရင်းသူအမျိုးသမီးငယ် ၁၃၄၁၅ဦး မွေးထုတ်ပေးခဲ့သည်။ ဤသို့ ဆောင်ရွက်ပေးမှုကြောင့် တိုင်းရင်းသားအမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကြသည့်အခါ အကျင့်စာရိတ္တ ပျက်ပြားမှု၊ လူမှုရေးအရ နစ်နာမှုအန္တရာယ်ကို ကာကွယ်နိုင်ခဲ့သည်။ မိမိတွင် အသက်မွေးဝမ်းကျောင်းပညာ တတ်မြောက်ထားသဖြင့် တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်စရာမလိုအောင် ပျိုးထောင်ပေးခဲ့သည်။

"ကျန်းမာရေးကဏ္ဍ"အနေဖြင့် နယ်စပ်ဒေသများတွင် ဆေးရုံ ၅၇ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၃၅ခု၊ နယ်စပ်ဆေးပေးခန်း ၈၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၄ခုတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

"စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ"အားဖြင့် နယ်စပ်ဒေသများ၌ စိုက်ပျိုးရေးရုံး ၃၁ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၄၆ခု၊ တိုင်းတာပြီးဆည် ၁၇ခု၊ တူးမြောင်းငါးခုနှင့် ထွန်စက်စခန်း ၁၁ခုတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသရိက္ခာဖူလုံမှုရှိစေသည့်အပြင် စီးပွားဖြစ် သီးနှံစိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အခြေခံစာရင်းကောက်ယူမှုအရ လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံ ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း ကွင်းဆင်းတိုင်းတာမှုအပေါ် အခြေခံထုတ်ပြန်သည့် အမေရိကန်အစိုးရ၏ နှစ်စဉ်ကြေညာချက်အရလည်းကောင်း၊ UNODC ၏ ထုတ်ပြန်ချက်အရလည်းကောင်း မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းလာသည်ကို တွေ့ရပါသည်။

UNODC၏ ၂၀၀၄ခုနှစ် အောက်တိုဘာလ၁၁ရက်နေ့ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးမှုသည် ဟက်တာ ၄၄၂၀၀ ဖြစ်သည့်အတွက် ၂၀၀၃ခုနှစ်နှင့် နှိုင်းစာလျှင် ၂၉ရာခိုင်နှုန်း၊ ၁၉၉၆ခုနှစ်နှင့် နှိုင်းစာလျှင် ၇၃ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရလေသည်။

တပ်မတော်အစိုးရသည် တိုင်းရင်းသားများ အများစုနေထိုင်ရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ၁၉၈၉ခုနှစ်မှ ၁၂–၂–၂၀၀၅ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ် ၃၃၇၈၉သန်း၊ ဝန်ကြီးဌာနရန်ပုံငွေမှ ကျပ်၂၉၅၆၄သန်း စုစုပေါင်းငွေကျပ်သန်း ၆၀၂၇၈ပမာဏ ငွေကြေး သုံးစွဲခဲ့ပြီး ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

7-4 (10).p65 1 3/24/05, 10:16 PM

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

တပ်မတော်အစိုးရသည် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုကို စတင်တည်ဆောက်ရမည်ဟု ခံယူသည်။ အကြောင်းအမျိုးမျိုးကြောင့် လက်နက်ကိုင်ဘဝရောက်ရှိခဲ့ကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်းရောက်ရှိရန်ကြိုးပမ်း၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့်အတူ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်သည် ပြည်ထောင်စုကြီးတစ်ခုလုံး နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် ပြည်နယ်/တိုင်းဒေသများ တစ်ပြေးညီ၊ တပေါင်းတစည်းတည်း ဖွံ့ဖြိုးတိုးတက်ရေး တစ်နည်းဆိုရလျှင် တပေါင်းတစည်းတည်း ပြည်ထောင်စုဖြစ်စေလိုသော စေတနာဆန္ဒဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို မဏ္ဍိုင်ပြုကာ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့် စီမံကိန်းကြီးများကို အင်တိုက်အားတိုက် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။

ယခုအခါ တပ်မတော်၏ **"တပေါင်းတစည်းတည်း ပြည်ထောင်စုစွမ်းဆောင်မှုကြောင့်"** ပြည်ထောင်စုကြီးတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သကဲ့သို့ လက်တွေ့ကျကျ ထိတွေ့ ခံစားနေကြရပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ရှန်ဟဲနိုင်ငံတကာလေ့လာရေးဌာနဥက္ကဋ္ဌနှင့်အဖွဲ့အားတွေ့ဆုံ

ရန်ကုန် ဧပြီ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲနိုင်ငံတကာလေ့လာရေးဌာန (Shanghai Institute of International Studies, SIIS) ဥက္ကဋ္ဌဖြစ်သူ ပါမောက္ခ Yu Xintain ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးပဒေသရာဇာခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန (Myanmar Institute of Strategic and International Studies, Myanmar-ISIS) အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင်၊ အကြံပေးအရာရှိများဖြစ်ကြသော ဦးသန်းထွန်းနှင့် ဦးသက်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် အဆိုပါ တရုတ်ကိုယ်စားလှယ်အဖွဲ့အား သံအမတ်ကြီး ဦးညွန့်တင်က ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပန်းလှိုင်မဟာစည်တရားပွဲ

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် ပန်းလှိုင် မဟာစည်ရိပ်သာ ပဓာနနာယက ဘဒ္ဒန္တ ဣဿရိယ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဆရာတော်သည် ဒဂုံမြို့သစ်မြောက်ပိုင်း(၄၃)ရပ်ကွက် အရိယာဝံသဓမ္မာရုံကြီးတွင် သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်းတစ်ရက်နေ့အထိ နံနက် ၈နာရီနှင့် မွန်းလွဲ ၂နာရီအထိ မဟာစည်သတိပဋ္ဌာန်တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၆

၁၉၆၅-၁၉၈၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သောစမ်းချောင်း အထက (၁) မှ ဆရာ၊ဆရာမကြီးများအား (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁) စမ်းချောင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် ဆရာ ဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးညွန့်သန်း ဖုန်း-၅၀၁၉၁၉၊ ဦးလှအောင်ရွှေ (ရွှေမိသားစု)ဖုန်း-၅၀၂၆၈၀၊ ၅၀၂၆၈၂၊ ၅၀၃၇၁၆၊ ဦးသက်ဦး ဖုန်း-၂၄၂၄၂၄၊ ဦးမောင်မောင်ဌေး ဖုန်း-၅၂၆၃၆၂၊ ဦးစိုးနိုင် (အေးမေတ္တာကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း-၅၆၅၈၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိုင်တီပညာဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၆

ITပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA)က ကြီးမှူး၍ Wireless Lans အလုပ်ရုံဆွေးနွေးပွဲကို (Global Technology Co.,Ltd.)မှ Technical Director ဦးကျော်ဇေယျက ဦးဆောင်ဆွေးနွေးမည်ဖြစ်သည်။ ယင်းဟောပြောပွဲကို လှိုင်မြို့နယ် MICT Park ရှိ Function Hall တွင် ဧပြီ ၉ ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ITပညာရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက် ကိုယ့်အား ကိုယ် ကိုး 'လွတ် လပ် ရေး' စာ ကြည့် တိုက်ဖွင့်ပွဲကို မတ် ၁၇ ရက်က ရပ်ကွက်ရုံးတွင် ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးဒေါ်မြမြနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်မောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စဉ်းစားအဖြေ ရှာကြည့်ပါ

- မူးယစ်ဆေးသည်၊ လူ့ပြည်လူ့ရွာ
  လူတကာကို၊ ဘယာသာပေး
  ထိုအရေးကြောင့်၊ ဘိုးဘေးအစဉ်
  မြန်ပြည်ခွင်၌
  ဆန့်ကျင်မြစ်တား၊ အလေးထားတာ
  ထင်ရှားသက်သေရှိပါ၏။
- ဘဝသူ့ကျွန်၊ လွန်ဆန်မရ
  ထိုကာလ၌၊ ဘဝညွှန့်တုံး
  လူလုံးမစည်၊ လူရည်လူသွေး
  ကျဆင်းရေးတွက်၊ ထိုဆေးမူးယစ်
  လက်နက်စစ်ကို၊ မဖြစ်မနေ
  ဒို့ရပ်မြေတွင်း၊ တင်ကာသွင်း၍
  ဖိနင်းအုပ်ချုပ်၊ နယ်ချဲ့လုပ်ခဲ့။
- ယခုအခါ၊ ပြည်ရွာနယ်စပ်
  ခိုကပ်မင်းမူ၊ ထိုလူ ရွက်ဆစ်
  သောင်းကျန်းညစ်သည်
  မူးယစ်ဆေးဝါး၊ ငယ်သားများဖြင့်
  ဖောက်ကားနေတာ၊ ပေါ်လွင်ပါ၏။
- မြေပေါ်ထက်တွင်၊ ပေါ်ပေါ်ထင်ဖြင့်
  အက်(စ်)အင်အယ်(လ်)ဒီ*၊ ထိုနာမည်ဖြင့်
  ခေါ်မည်ဖွဲ့စည်း၊ ဥက္ကဋ္ဌကြီးသည်
  ပေါင်းစည်း ရွက်ဆစ်၊ သူဖြစ်ချင်တာ
  ဖြစ်ပေါ်လာအောင်၊ ကြံဆောင်တာလည်း
  ထီးထီးမြင်သာ၊ ပေါ်လွင်လာ၏။
- သူတို့နှစ်ဦး၊ စိတ်ကူးကြံဆ
  ဘဝပုံစံ၊ ရှေးရှုဟန်သည်
  အလွန်တော်မှန်၍ နေသလား
  ကျွန်စော်နံ၍ နေသလား
  စဉ်းစားအဖြေရှာကြည့်ပါ။ ။

* SNLD

ပိုးဝ

၂၀၀၅ခုနှစ် မတ်လ၁၅ရက်နေ့က ကျင်းပခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၅)တွင် ရွက်ဆစ်ခေါင်းဆောင်သော SURA° အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်လွတ်မြောက်ရေးဟူသည့် မျက်နှာဖုံးစွပ်ပြီး နောက်ကွယ်၌ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်လျက်ရှိနေပုံများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဘိန်းဘုရင် ရွက်ဆစ်၏ SURA°အပါအဝင် SSA,°SSNA,°SNLD°နှင့် ရှမ်းပြည်ပညာရှင်များအတိုင်ပင်ခံကောင်စီတို့က မည်ကာမတ္တ ပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်၌ ခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန် ရည်ရွယ်ဆောင်ရွက်နေပုံများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါရှင်းလင်းပြောကြားချက်များအရ ၎င်းအဖွဲ့များ၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ ပြည်ထောင်စုကြီး ပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အလွန်အန္တရာယ်ကြီးမားကြောင်း သုံးသပ်တွေ့ရှိရသည်။

အောက်ပုံတွင် ထိုင်းနိုင်ငံမူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က မတ်လ ၅ ရက်နေ့၌ နယ်စပ်အနီး ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ပန်မာဖာ့မြို့နယ်အတွင်း ဘိန်းဖြူ ၈၂ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည့် SURA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိသူ (ရွက်ဆစ်၏စိတ်အချရဆုံးလူယုံ) စိုင်းထွန်း(ခ) နိုင်ထွန်းဝိဝပ်ရန်အရန်**(ဝဲ)**ကို SURA အကြမ်းဖက်သောင်းကျန်းသူခေါင်းဆောင် ရွက်ဆစ်**(အလယ်)**နှင့်အတူ တွေ့မြင်ရမည်ဖြစ်သည်။

ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မန္တလေးမြို့နှင့် ပုဂံ-ညောင်ဦးမြို့များသို့သွားရောက်လေ့လာပြီး ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ် (Chief of General Staff) Senior Lt.Gen. Phung Quang Thanh မန္တလေးမြို့ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားအား ကြည်ညိုပြီး ရေသပ္ပာယ်စဉ်။
(သတင်းစဉ်)

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်(Chief of General Staff)Senior Lt. Gen. Phung Quang Thanh ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့နှင့် ပုဂံ-ညောင်ဦးမြို့တို့တွင် လှည့်လည်လေ့လာရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူး Sr. Col. Nguyen Van Thanh နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၅ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၉နာရီခွဲတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် Senior Lt.Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး စစ်တက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသိုးထိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြ၍ စစ်တက္ကသိုလ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြသသည်။

အတွင်း လှည့်လည်ကြည့်ရှုကြကာ နန်းမြင့်မျှော်စင်ပေါ်မှနေ၍ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပတ်ဝန်းကျင်ရှုခင်းများ၊ ပြင်ဦးလွင်မြို့၏ သာယာလှပမှုများကို ကြည့်ရှုကြကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီတွင် မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်သို့ရောက်ရှိကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးတောင်တော်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့ တပ်မတော် စစ်ဦးစီးချုပ် (Chief of General Staff) Senior Lt. Gen. Phung Quang Thanh ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်တွင် လှည့်လည်ကြည့်ရှု လေ့လာကြစဉ်။ (သတင်းစဉ်)

ယင်းနောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုကြပြီးနောက် ဆက်လက်ထွက်ခွာလာရာ တပ်မတော်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြပြီး ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြ၍ တပ်မတော်နည်းပညာတက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်ကို ဗီဒီယိုဖြင့် ပြသရှင်းလင်းကြသည်။

ယင်းနောက် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်နည်းပညာ တက္ကသိုလ်ဝင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် ဧည့်သည်တော် Senior Lt.Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်

ဆုတောင်းပြည့် မြတ်စွာဘုရားသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား ကြည်ညိုကြကာ ရင်ပြင်တော် စနေထောင့်မှနေ၍ နေဝင်ဆည်းဆာအလှ၊ မန္တလေးနန်းမြို့၊ ကျုံးတော်နှင့် မန္တလေးမြို့၏ သာယာလှပမှုများကို ခံစားကြည့်ရှုလေ့လာကြသည်။

တိုင်းမှူးဧည့်ခံ

မန္တလေးမြို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ညပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်ကြီးအောင် ဧည့်ဂေဟာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကြိုဆို

ထို့နောက်ဧည့်သည်တော်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်တပ်မတော်အရာရှိကြီးများက ပို့ဆောင်နှုတ်ဆက်ကြ၍ တပ်မတော် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပုဂံ- ညောင်ဦးလေဆိပ်သို့ ဆိုက်ရောက်လာပြီး မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့်အဖွဲ့ဝင်များအား မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ပုဂံ- ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တပ်မတော်ဧည့်ဂေဟာ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဧည့်သည်တော် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီ မိနစ် ၂၀တွင် ဓမ္မရံကြီးဘုရားသို့ ရောက်ရှိ ဖူးမြော်ကြပြီး ဧည့်သည်တော် ချစ်ကြည်ရေးအဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးတိုင်များဆက်ကပ် လှူဒါန်းကြသည်။ ဓမ္မရံကြီးဘုရား စကြံပတ်လမ်းအတိုင်း လက်ယာရစ်လှည့်လည်၍ ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် Senior Lt. Gen. Phung Quang Thanh နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ပုဂံ-ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြပြီး မွန်းလွဲ ၂နာရီ ၁၅ မိနစ်တွင် တပ်မတော်အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၆

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာအုပ်စု အောင်သိဒ္ဓိကျောင်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၃၀၂) နှစ်စဉ်ကျင်းပအပ်သော သင်္ကြန်တရားစခန်းပွဲကို (တန်ခူးလဆန်း ၅ ရက်မှ ၉ရက်) ဧပြီ၁၃ရက်မှ ၁၇ရက်အထိကျင်းပမည်ဖြစ်သည်။ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(သာသနဓဇဓမ္မာစရိယ) က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။

အလားတူ သာကေတ (၉) ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ဧပြီ ၈ ရက်မှ ၁၇ ရက်အထိ အထူးတရားစခန်းကို ၎င်းကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အရှင်ပုညာနန္ဒက ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ရာ ဧပြီ ၇ ရက် ညနေအရောက် လာရောက်ကြရမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကမ္ဘာ့ကျန်းမာရေးနေ့

WORLD HEALTH DAY

၂၀၀၅ ခုနှစ် ဧပြီလ (၇)ရက်

မိခင်ရင်သွေးကျန်းမာမှ

လူ့ဘောင်ဘဝစဉ်လှပ

လူတိုင်းပါဝင်စောင့်ရှောက်ကြ

Make every mother and child count

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထဲရေးနှင့်စီးပွား/ ကူးသန်းသရေကျ တံခွန်က လယ်ယာ/ ဆည်မြောင်းကိုအနိုင်ရရှိ

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်းနှင့်စီးပွား/ကူးသန်းအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ပြည်ထဲရေးအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန်၃၅မိနစ်တွင် နေသူလှိုင်က သွင်းယူပေးသည်။ ပြည်ထဲရေးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်၃၉မိနစ်တွင် နေသူလှိုင်ကပင် သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် ပြည်ထဲရေးအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

အစွမ်းပြ

စီးပွား/ကူးသန်းအသင်းအတွက် ပထမချေပဂိုးကို ပွဲချိန်၅၅မိနစ်တွင် မျိုးမင်းထွန်းကလည်းကောင်း၊ ဒုတိယချေပဂိုးကို ပွဲချိန်၇၇မိနစ်တွင် မျိုးသူကျော်ကလည်းကောင်း သွင်းယူပေးသည်။ ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းအသင်းက ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ဝင်းသိန်းဦး ကန်သွင်း သော်လည်း ပြည်ထဲရေးအသင်းမှ ဂိုးသမား လှိုင်ဝင်း အစွမ်းပြကာကွယ်နိုင်ခဲ့သည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ တံခွန်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ တံခွန်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အမှတ်ရရှိမှု

ယနေ့ပွဲစဉ်များအပြီးတွင် စီးပွား/ကူးသန်းအသင်းက ၁၁ပွဲကစား (၂၇)မှတ်၊ တံခွန်အသင်းက ၁၂ပွဲကစား (၁၉)မှတ်၊ ပြည်ထဲရေးအသင်းက ၁၂ ပွဲကစား(၁၀)မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ၁၂ပွဲကစား (၆)မှတ် ရရှိထားကြသည်။ ဘဏ္ဍာ/အခွန်အသင်း၊ စီးပွား/ကူးသန်းအသင်းနှင့် သစ်တောရေးရာအသင်းတို့ (၂၇)မှတ်စီ တူညီနေသော်လည်း ဂိုးကွာခြားချက်အရ ဘဏ္ဍာ/အခွန်အသင်းက ပထမ၊ စီးပွား/ကူးသန်းအသင်းက ဒုတိယ၊ သစ်တောရေးရာအသင်းက တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

ဧပြီ ၇ရက်**(ယနေ့)** ညနေ ၄နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ စွမ်းအင်အသင်းနှင့် သစ်တောရေးရာအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အောင်ဆန်းအားကစားပြိုင်ကွင်း၌ (၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် (၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် မန္တလေးတိုင်းအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နွေရာသီဝူရှူးအားကစားသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၆

ထူးချွန်ထက်မြက်သော မျိုးဆက်သစ် ဝူရှူးအားကစားသမားများ ပေါ်ထွက်ရေးကိုရည်ရွယ်၍အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နွေရာသီဝူရှူးအားကစားသင်တန်းကို သင်တန်းစခန်းများတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယမန်နှစ် နွေရာသီဝူရှူးသင်တန်းတွင် သင်တန်းသား သင်တန်းသူဦးရေ ၈၀၀ကျော် တက်ရောက်ခဲ့ကြပြီး ယခုနှစ်တွင် ပိုမိုများပြားလာသည်။

ထောက်ကူ

အားကစားနည်းတစ်ခု အခွန့်ရှည်ကြာစွာ အောင်မြင်မှုရရှိရန်မှာ မျိုးဆက်သစ်တို့၏အင်အားမှာ အထူးအရေးပါသည့်အလျောက် ယခုကဲ့သို့ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ၏ နွေရာသီသင်တန်းမှာ များစွာ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

အဆိုပါ နွေရာသီဝူရှူးသင်တန်းသို့ သင်တန်းသား သင်တန်းသူဦးရေ ၁၀၆၄ဦးသင်ကြားလျက်ရှိပြီး အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်း(ပဒုမ္မာ)တွင် ၉၂၇ ဦး၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ၅၀၊ တီတီစီကျောင်းတွင် ၅၀၊ သန်လျင်မြို့ဟောင်းတွင် ၂၀နှင့် အားကာ/သိပ္ပံတွင် ၁၇ဦး တို့ဖြစ်ကြသည်။ ယင်းသင်တန်းများတွင် နည်းပြဆရာများအဖြစ် ပဒုမ္မာတွင် ဦးခွန်ဂျာအောင်၊ ဦးအောင်မျိုးဇော်၊ ဦးဝင်းလှိုင်၊ ဦးအောင်ချို့ဌေး၊ ဒေါ်ရင်ရင်နုနှင့် ဦးလှမြင့်၊ သုဝဏ္ဏတွင် ဦးခင်မောင်ငြိမ်းနှင့် ဦးငြိမ်းချမ်းကျော်၊ တီတီစီကျောင်းတွင် ဦးအောင်သူနိုင်နှင့် ဦးကျော်မြင့်၊ အား/ကာသိပ္ပံတွင် ဦးလှဝေနှင့် သန်လျင်တွင် ဦးဆန်းမင်းတို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

သင်ကြားပေး

ယခုနွေရာသီသင်တန်းကို မတ်၁၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ ဧပြီ၈ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ၎င်းနွေရာသီသင်တန်းမှ အခြေခံဝူရှူးနည်းစနစ်များကို သင်ကြားပေးလျက်ရှိသည်။ သင်တန်းချိန်မှာ နံနက်၇နာရီမှ ၉နာရီအထိဖြစ်သည်။ နွေရာသီဝူရှူးသင်တန်းများ ပြီးဆုံးသွားလျှင် အဆင့်မြင့်ဝူရှူးသင်တန်းကို ဧပြီ၁၁ရက်မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များစတင်ယှဉ်ပြိုင် လီဗာပူးက ဂျူဗင်းတပ်စ်ကို အနိုင်ရ၊ လိုင်ယွန်နှင့်ပီအက်စ်ဗွီသရေကျ

လန်ဒန် ဧပြီ ၆

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်များအဖြစ် လီဗာပူးနှင့် ဂျူဗင်းတပ်စ်၊ လိုင်ယွန်နှင့် ပီအက်စ်ဗွီတို့ ဧပြီ၅ရက်က ယှဉ်ပြိုင်ကစားရာ လီဗာပူးက ဂျူဗင်းတပ်စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး လိုင်ယွန်နှင့် ပီအက်စ်ဗွီတို့ သရေပွဲဖြစ်ခဲ့ကြသည်။ လီဗာပူးအသင်းအိမ်ကွင်း၌ အီတလီထိပ်သီးအသင်းကို အနိုင်ရရှိခဲ့သဖြင့် ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားသည်။

လီဗာပူးနှင့်ဂျူဗင်းတပ်စ်

အိမ်ကွင်းအန်ဖီးလ်၌ လီဗာပူးတို့ ပထမပိုင်းပွဲချိန်အတွင်း ဂျူဗင်းတပ်စ်ကို နှစ်ဂိုးအသာနှင့်ဦးဆောင်ခဲ့သည့် ခြေစွမ်းမှာ အံ့သြဖွယ်ကောင်းအောင်ပင် ထက်မြက်ခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း လီဗာပူးတို့ အချိတ်အဆက်မိမိဖြင့် ကစားကွက်စီးထားနိုင်ခဲ့ရာ တိုက်စစ်မှူးများဖြစ်သည့် လီတဲလက်စ်၊ မီလန်ဘားရို့စ်၊ ဂါစီရာတို့ကို ကွင်းလယ်မှ ဂျရတ်နှင့်ဘက်ကင်တို့က ဘောလုံးဖြန့်ဝေပေးမှုများ မှန်ကန်ခဲ့မှုကြောင့် ဂျူဗင်းတပ်စ်နောက်တန်းကို အကြိမ်ကြိမ်ခြိမ်းခြောက်နိုင်ခဲ့သည်။

လီဗာပူးအသင်း နောက်တန်းမှ ခံစစ်မှူးများကလည်း တိုက်စစ်တွင် လိုက်ပါ အားဖြည့်နိုင်ခဲ့မှုကြောင့် ၁၁မိနစ်မှာပင် ဂျူဗင်းတပ်စ်ကွင်းညာခြမ်းမှနေ၍ ဂျရတ်ကန်တင်ပေးလိုက်သည့် ဘောလုံးကို လီဗာပူးနောက်ခံလူ ဆမ်မီဟက်စ်ပီးရားက မနားတမ်း ကန်သွင်းခဲ့မှုကြောင့် ဖွင့်ဆော်ဦးဂိုးစတင်ရရှိခဲ့သည်။

လီဗာပူးအသင်း ဆက်တိုက်ဖိကစားထားနိုင်ခြင်းကြောင့် ဂျူဗင်းတပ်စ်တို့ တန်ပြန်တိုက်စစ်ကို ထိထိရောက်ရောက် မကစားနိုင်ဘဲရှိရာမှ ပွဲချိန်၂၅ မိနစ်တွင် လီဗာပူး တိုက်စစ်မှူး လီတဲလက်စ် ထိုးပေးလိုက်သည့် ဘောလုံးကို လူးဝစ်ဂါစီရာက ၂၅ကိုက်အကွာမှ အမှတ်မထင် အမြောက်ဘောကန်သွင်းခဲ့ရာ ကမ္ဘာ့အကောင်းဆုံးဂိုးသမားအဖြစ် သတ်မှတ်ခံထားရသော ဂျူဗင်းတပ်စ်ဂိုးသမား ဘက်ဖွန်း ကြိုးစားကာကွယ်သော်လည်း မည်သို့မျှမတတ်နိုင်ဘဲ ဂိုးပေးလိုက်ရသဖြင့် လီဗာပူးတို့နှစ်ဂိုးအသာဖြင့် ပွဲချိန်ပထမပိုင်း၌ ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် ဂျူဗင်းတပ်စ်တို့ ချေပဂိုးများရရှိရေး အပြင်းအထန်ကြိုးစားရာမှ ကစားကွက်ပြန်တည်မိပြီး အပေးအယူ အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သည်။ သို့သော် ဂျူဗင်းတပ်စ်တိုက်စစ်မှူးများဖြစ်သည့် အီဘရာဟင်မိုဗစ်၊ ဒယ်ပီယာရိုနှင့် အလယ်တန်းကစား

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် လီဗာပူးနှင့် ဂျူဗင်းတပ်စ်တို့ပွဲတွင် လီဗာပူးတိုက်စစ်မှူး ဂါစီရာ(၁၀)၏ ထိုးဖောက်မှုကို ဂျူဗင်းတပ်စ်မှ ဇမ်ဘရော့တာ ဟန့်တားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သမား နက်ဗက်နှင့်အီမာဆင်တို့ လီဗာပူးနောက်တန်းကို ထိရောက်သော ထိုးဖောက်မှုများ မပြုလုပ်နိုင်ခဲ့ပေ။ ကစားကွက်ပေါ်အောင် ကစားနိုင်ပြီး ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ကစားနေရာမှ ၆၄မိနစ်တွင် ဂျူဗင်းတပ်စ်နောက်ခံလူ ကန်နာဗာရိုက ခေါင်းတိုက်သွင်းယူခဲ့၍သာ တစ်ဂိုးပြန်လည်ချေပနိုင်ခဲ့ခြင်း ဖြစ်သည်။ ဂျူဗင်းတပ်စ် တိုက်စစ်မှူး အီဘရာဟင်မိုဗစ်၏ အပိုင်ကန်သွင်းချက်များကို လီဗာပူးဂိုးသမားကာဆွန် ကာကွယ်သွားနိုင်သလိုပင် နက်ဗက်၏ဂိုးသွင်းမှုများကလည်း လွဲချော်ခဲ့မှုကြောင့်သာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ လီဗာပူးတိုက်စစ်မှူး မီလန်ဘားရို့စ်၏ ရရှိသောအခွင့်အရေးကောင်းများကို ပိုင်နိုင်စွာ အသုံးမချနိုင်ခဲ့ခြင်းကြောင့်လည်း ဂိုးပြတ်မနိုင်ခဲ့ခြင်းဖြစ်သည်။ လီဗာပူးသည် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို ဂျူဗင်းတပ်စ်ကွင်း၌ ကစားရမည်ဖြစ်သည်။

လိုင်ယွန်နှင့်ပီအက်စ်ဗွီ

လိုင်ယွန်တို့ အိမ်ကွင်း၌ အဖွင့်ဂိုးကို စောစီးစွာသွင်းထားနိုင်သော်လည်း အနိုင်ဂိုးထပ်မံမသွင်းနိုင်ခဲ့၍သာ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ လိုင်ယွန်အသင်း အိမ်ကွင်း၌ စိတ်ဓာတ်အသာစီးရပြီး ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားနိုင်မှုကြောင့် ၁၂ မိနစ်တွင် လိုင်ယွန်တိုက်စစ်မှူး မာလူဒါက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ မာလူဒါသည် ယခုဂိုးသွင်းယူခဲ့သဖြင့် ယခုနှစ် ချန်ပီယံလိဂ် ဘောလုံးရာသီတွင် လိုင်ယွန်အတွက် သူ၏ တတိယမြောက်ဂိုးဖြစ်သည်။

လိုင်ယွန်တိုက်စစ်မှူးများဖြစ်သည့် ဝီးလ်တော့ဒ်၊ ဂိုဗူးနှင့် ဂျူနင်ဟိုတို့ အကြိမ်ကြိမ် ထိုးဖောက်ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်မပိုင်နိုင်ခဲ့၍ ဂိုးထပ်မံမရရှိခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ဒုတိယပိုင်းတွင် ပီအက်စ်ဗွီတို့ ချေပဂိုးရရှိရေး ကစားအားတင်တိုက်စစ်ဆင်ကစားခဲ့ရာမှ ပီအက်စ်ဗွီကွင်းလယ်ကစားသမား ဂျီဆောင်ပတ် ဖြတ်ပေးလိုက်သည့် ဘောလုံးကို အသက် ၃၄နှစ်အရွယ် ရှိပြီဖြစ်သော ပီအက်စ်ဗွီ အလယ်တန်းသမားကိုကူးက ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ယခုပွဲ လိုင်ယွန်တို့ အိမ်ကွင်း၌ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရခြင်းအတွက် အဝေးကွင်းအဖြစ် ပီအက်စ်ဗွီတွင် ကစားရမည့်ပွဲကို ဂိုးပြတ်သွင်းနိုင်မှသာ ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်နိုင်မည်ဖြစ်ရာ အစွမ်းကုန်ကြိုးစားရတော့မည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ထူးချွန်ထက်မြက်သော မျိုးဆက်သစ် ဝူရှူးအားကစားသမားများ ပေါ်ထွက်ရေး ရည်ရွယ်၍ ဖွင့်လှစ်ထားသည့် နွေရာသီဝူရှူးသင်တန်းတွင် သင်တန်းသားသင်တန်းသူများ ဤသို့လေ့ကျင့်နေကြသည်။ (မြန်မာ့အလင်း)

ပရီမီယာလိဂ်၌ဂိုးအများဆုံးသွင်းထားသူများ

လန်ဒန် ဧပြီ ၅

ပြီးခဲ့သည့် စနေနေ့အထိ ကစားခဲ့ပြီးသောအင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲများတွင် ဂိုးအများဆုံးသွင်းထားသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

အမည်	အသင်း	သွင်းဂိုး
၁။ သီယာရီဟင်နရီ	အာဆင်နယ်	၂၅
၂။ အင်ဒီဂျွန်ဆင်	ခရစ္စတယ်ပဲလေ့စ်	၁၈
၃။ ဂျာမိန်းဒီဖိုး	တော့တင်ဟမ်ဟော့စပါး	၁၂
၄။ ဟက်ဆယ်ဘင့်	မစ်ဒယ်ဘရော့	၁၁
၅။ ယာကူဘူ	ပို့စ်မောက်	၁၀
၆။ အင်ဒီကိုးလ်	ဖူလ်ဟမ်	၁၀
၇။ ယွန်းဘတ်	အာဆင်နယ်	၁၀
၈။ ရောဘတ်ပီရက်စ်	အာဆင်နယ်	၁၀
၉။ ဂတ်ဂျွန်ဆင်	ချယ်လ်ဆီး	၁၀
၁၀။ ရွန်းနီ	မန်ချက်စတာယူနိုက်တက်	၉

(ဆင်ဟွာ)

ဘွန်ဒက်စ်လီဂါ၌ဂိုးအများဆုံးသွင်းထားသူများ

ဘာလင် ဧပြီ ၅

ပြီးခဲ့သော စနေနေ့အထိ ကစားခဲ့ပြီးသော ဂျာမနီ ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းထားသူများမှာ အောက်ပါအတိုင်းဖြစ်သည်။

အမည်	အသင်း	သွင်းဂိုး
၁။ မာရက်မင်တယ်	နူရင်ဘတ်	၂၁
၂။ ဘတ်လေ	အာမီနီရာ	၁၅
၃။ အယ်တန်	ရှော့ကေး-၀၄	၁၃
၄။ ကလိုဆေး	ဝါဒါဘရီမင်	၁၂
၅။ ရှိုင်းမက်ကိုင်း	ဘိုင်ယန်မြူးနစ်	၁၂
၆။ မာစီလင်ဟို	ဟာသာဘာလင်	၁၂
၇။ ဖိုရိုနင်	လီဗာကူဆင်	၁၂
၈။ ဘာဘာတော့ဗ်	လီဗာကူဆင်	၁၂
၉။ ဆာဂျီဘာဘာရာဇ်	ဟမ်းဘတ်အက်စ်ဗွီ	၁၁
၁၀။ ဂျန်ခိုလာ	ဒေါ့မန်	၁၁

(ဆင်ဟွာ)

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် လားရှိုးမြို့ဆင်းရွှေလီအထူးအထွက်ကောင်း နွေစပါးစံပြစိုက်ခင်းစစ်ဆေး ဟူးမွန်ဆည်ရေလှောင်တမံအတွင်း ရေသိုလှောင်ထိန်းသိမ်းထားရှိမှုနှင့် ရေပေးဝေမှုကြည့်ရှု

ရန်ကုန် ဧပြီ ၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ်၃၁ရက် နံနက် ၉နာရီက လားရှိုးမြို့ ဟူးမွန်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်း၏ ဆင်းရွှေလီအထူးအထွက်ကောင်း နွေစပါးစံပြ ငါးဧကစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက်တိုင်းမှူးသည် စိုက်ခင်း အနီးရှိ ငါးမွေးမြူရေးကန် တူးဖော် ဆည်ဖို့နေသည့် လုပ်ငန်းခွင်သို့လည်း ကောင်း၊ လယ်ယာမြေတိုးချဲ့ဖော်ထုတ်မည့် နေရာသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြည့်စွက်မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ ဟူးမွန်ဆည်ရေလှောင်တမံသို့ရောက်ရှိပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေနှင့် ရေပေးဝေမှုအခြေအနေများကိုလည်းကောင်း၊ မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်း ရေလှောင်တမံသစ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့ ဟူးမွန်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်း၏ စံပြနေကြာစိုက်ခင်းနှင့် စံပြပဲပုပ်စိုက်ခင်းသို့ လည်းကောင်း၊ ရေပူစမ်းကျေးရွာ အနီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ အထူးအထွက်တိုးဆင်းရွှေလီနေကြာ မျိုးစေ့ထုတ် စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စိုက်ခင်းအတွင်း ရေနှင့်အာဟာရဓာတ်များ လုံလောက်စွာ ထည့်သွင်းရေး ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့အထွက် ကုန်းမြင့်ယာမြေ အမှတ်(၁)ဧက၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ဆင်းရတနာ အထူးအထွက်ကောင်း စပါးမျိုးစေ့ထုတ် စံပြ ၁၀ဧက စိုက်ခင်းသို့လည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး အဆောက်အအုံသစ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၇ ရက်က မကွေးမြို့နယ် ရွာတော်ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေပေးရေးလုပ်ငန်းစီမံကိန်းအရ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ကြီးမြို့နယ် မုန်းမြို့တိုက်နယ်ဆေးရုံ တိုင်းမှူးဗိုလ်ချုပ်ကိုကို စစ်ဆေး၊ လူနာများအား အားပေးစကားပြောကြား

ရန်ကုန် ဧပြီ ၅

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ်၃၀ရက် မွန်းလွဲ ၂နာရီက ကျောက်ကြီးမြို့နယ် မုန်းမြို့တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား နှုတ်ဆက်အားပေးစကားပြောကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် မုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပံ့ပိုးဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူးသည် မုန်းမြို့ မာလာမြိုင်ကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တနာဂိန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက်၌ မုန်းမြို့မှရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဖြူးမြို့နယ် အုတ်ဖြတ်ကျေးရွာသို့ရောက်ရှိပြီး တာဝန်ရှိသူများအား ဖြူး-အုတ်ဖြတ်-မုန်းကားလမ်း၊ အုတ်ဖြတ်-မုန်းလမ်းပိုင်းရှိ တံတားများအား မိုးရာသီမတိုင်မီ ကြံ့ခိုင်ရေးလုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံရေး မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာတွင် စက်ရေတွင်းသစ်ဖွင့်

မြဝတီ ဧပြီ ၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ ကျေးလက်ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရွှေကုက္ကိုလ်ကျေးရွာ စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၉ရက်က အဆိုပါစက်ရေတွင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါ ရွှေကုက္ကိုလ်ကျေးရွာ ရေပေးရေးလုပ်ငန်းအား ခွင့်ပြုငွေကျပ် ၂၁၅၀၀၀၀ဖြင့် လေးလက်မစက်ရေတွင်းတစ်တွင်း တူးဖော်ခြင်း၊ ဂါလန် ၁၀၀၀၀ဆံ့ ရေကန်တစ်ကန်ဆောက်လုပ်ခြင်းနှင့် ရေစက်ရုံတစ်ရုံ ဆောက်လုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီး စက်ရေတွင်းရေထွက်နှုန်းမှာ တစ်နာရီ ဂါလန် ၁၂၀၀ခန့် ထွက်ရှိကြောင်း သိရသည်။

စက်ရေတွင်းတူးဖော်ခြင်းဖြင့် သန့်ရှင်းသောသောက်သုံးရေများ နွေရာသီ ရေရှားပါးသည့် အချိန်တွင် အလွယ်တကူသုံးစွဲနိုင်ကြသဖြင့် ကျေးရွာ ပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဘုတလင်မြို့ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကျင်းပ

ဘုတလင် ဧပြီ ၅

မုံရွာခရိုင် ဘုတလင်မြို့နယ် ဒါန်းတိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်သစ်လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို မတ်၂၁ရက် နံနက် ၈နာရီက ဒါန်းတိုင်ရွာ ဆေးပေးခန်းမျက်နှာစာတွင် ကျင်းပသည်။

အခမ်းအနားတွင် ဒါန်းတိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်သစ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းညွန့်က ရှင်းလင်းတင်ပြပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို အလှူရှင်ကိုယ်စား ဒေါ်ခင်အုန်းမြင့်က မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်းသို့ ပေးအပ်သည်။ ထို့နောက် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ငါးသောင်းကို အလှူရှင် ဘုတလင်မြို့ ခုံမင်းကြီးရပ်ကွက် ရှုဝံပဲခွဲစက်လုပ်ငန်းပိုင်ရှင် ဦးထွန်းလွင်၊ ဒေါ်ရီရီဆွေက ဆေးခန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဉာဏ်မောင်သန်း ထံပေးအပ် လှူဒါန်းသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဒါန်းတိုင်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်သစ်အား မုံရွာခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ ဘုတလင်မြို့နယ် ကျန်းမာရေးဦးစီးမှူး မြို့နယ် ဆရာဝန်ကြီး ဒေါက်တာလှဝင်းနှင့် မန္တလေးမြို့နေ အလှူရှင်ဒေါ်လှရှင် ကိုယ်စားဒေါ်ခင်အုန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြောင်း သိရသည်။**(အပေါ်ပုံ)**

(တိုင်း ပြန်/ဆက်)

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းနှင့် အနောက်မြို့ပတ်လမ်း ဆက်သွယ်သောလမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် မတ် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာမှူး ဦးထွန်းနိုင်က ရှင်းလင်းတင်ပြစဉ်။

(နယ်စပ်/ စည်ပင်)

ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် မဏိရတနာ စာသင်ဆောင်အမှတ်(၂)ဆောက်လုပ်ရန် ငွေလှူဒါန်း

ဖျာပုံ ဧပြီ ၂

ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း အသစ်တည်ဆောက်မည့် မဏိရတနာစာသင်ဆောင် အမှတ်(၂)အဆောက်အအုံ ဆောက်လုပ်ရန်အတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို မတ် ၃၁ ရက် နံနက်က မဏိရတနာ စာသင်ဆောင် အမှတ်(၁) ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ ဝေပုလ္လနှင့် မြို့နယ်အကျိုးတော်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြသည်။

လှူဒါန်း

အလှူငွေများ ပေးအပ်ရာတွင် လိပ်ဥကုန်းဂေါပကအဖွဲ့ ဖျာပုံ၊ ဦးကျင်သိန်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးပေါ်တရား-ဒေါ်ကျင်၊ ဦးဟန်တင်-ဒေါ်အေး၊ ဦးထွန်းဝင်း-ဒေါ်တင်ထွေး၊ ကိုခင်ဇော်-မမိုးသူ၊ ဦးခင်မောင်လှ-ဒေါ်ငွေးငွေးဦး၊ ဒုတိယ ဗိုလ်မှူးကြီးရဲထွင့်(ခရိုင်ဥက္ကဋ္ဌ)-ဒေါ်မြမြ၊ ဦးကြည်ကြီး-ဒေါ်တင်မြ ဖျာပုံမိသားစုတို့က ကျပ်တစ်သိန်းစီနှင့် ကျပ်တစ်သိန်းအောက် အလှူရှင် ၁၀၆ဦးတို့က ကျပ် ၂၀၁၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီး ရဲထွင့်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

လှူဒါန်းနိုင်

ဆက်သွယ် လှူဒါန်းလိုသူများအနေဖြင့် ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်နှင့် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၅၈)**

မောက်မယ်မြို့နယ် စာရင်းရုံးသစ်ဖွင့်ပွဲကျင်းပ

မောက်မယ် မတ် ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း)မောက်မယ်မြို့နယ် စာရင်းရုံးသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက်က ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မြင့်ဝေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် ရှမ်းပြည်နယ်စာရင်းရုံး စာရင်းစစ်အရာရှိ ဒေါ်မြင့်မြင့်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ထို့နောက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်ဝေနှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းတို့က အမှာစကား ပြောကြားကြပြီး ရှမ်းပြည်နယ်စာရင်းစစ်အရာရှိ ဒေါ်မြင့်မြင့်ကြည်က မြို့နယ်စာရင်းရုံးသစ် အဆောက်အအုံဆောက်လုပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး စာရင်းရုံးသစ် ဆောက်လုပ်မှု အထိမ်းအမှတ်အလံများ ပေးအပ်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကင်းဆိပ်ကျေးရွာ ဆိပ်ဆုံရေကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မတ် ၈ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ဘန့်ဘွေးတွင်းတွင် မတ် ၁၁ရက်က ပညာရည်မြင့်မားရေး အထောက်အကူပြုရန်အတွက် ဂုဏ်ထူး သန်းနိုင်က စာအုပ်နှင့် စာစောင်များ ပေးအပ်လှူဒါန်းရာ ချင်းကုန်းကျေးရွာ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ဆရာမ ဒေါ်ထားထားရီတို့က လက်ခံရယူစဉ်။ (က-ပ)

ကချင်ပြည်နယ် စီမံကိန်းဦးစီးဌာနရုံး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

မြစ်ကြီးနား မတ် ၃၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ကချင်ပြည်နယ်စီမံကိန်းဦးစီးဌာနရုံး၏ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ရက်မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်စီမံကိန်းဦးစီးဌာနရုံးတွင် ကျင်းပရာ စာကြည့်တိုက်ကို ပြည်နယ် အခွန်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်စီမံကိန်း ဦးစီးဌာန ဦးစီးမှူး ဦးသာဒိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြည်နယ်စီမံကိန်း ဦးစီးဌာနဦးစီးမှူး ဦးသာဒိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်က စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မှုအကျိုးကျေးဇူးနှင့် စာကြည့်တိုက်ပညာရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်များပေးအပ်လှူဒါန်းရာ မြစ်ကြီးနားခရိုင်၊ မြို့နယ်နှင့် ပြည်နယ်အခွန်ဦးစီးဌာနဝန်ထမ်းအလှူရှင်များက သုတ၊ ရသစာအုပ်မျိုးစုံ ၂၀၀ကျော်နှင့် မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ၊ရသ၊ဂျာနယ်၊မဂ္ဂဇင်း၊ စာအုပ်မျိုးစုံ ၆၁အုပ်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဟောပြောပွဲရေဦးတွင်ကျင်းပ

ရေဦး ဧပြီ ၂

၂၀၀၅ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောပွဲကို မတ် ၂၅ရက် နံနက် ၁၁ နာရီက ရေဦးမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေး ခန်းမဆောင်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဒုတိယရဲမှူးမောင်မောင်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ သိင်္ဂီမြက တီဘီရောဂါ ကာကွယ်ပုံနှင့် ကုသနည်းများကို ဟောပြောဆွေးနွေးကြောင်းသိရသည်။ **(၃၇၈)**

မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့ သဲချောင်းကျေးရွာပြည်သူများ သောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာ ပြည်သူများပူးပေါင်း၍ သဲချောင်းကျေးရွာတွင် သောက်သုံးရေကန် တူးဖော်ခြင်းနှင့် ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများကို မတ် ၂၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးမင်းမင်းထွန်းနှင့် ကျေးရွာ ရပ်မိရပ်ဖ များ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့ယဉ်ကျေးမှုသကြၤန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသကြၤန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

သတိ

၁။ လေပေါင် ၁၀၀ မှ ၁၅၀အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများ အားထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များ အသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၀၇း၀၀နာရီမှ ၁၈း၀၀ နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈း၀၀ နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့သူ	- ထောင်တစ်နှစ်
၂။	ကစားသူ	- ထောင်သုံးနှစ်
၃။	ထုတ်လုပ်ရောင်းချသူ	- ထောင်ငါးနှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

MAP Tours တရုတ်ပစ္စည်းများ အဓိကဝင်ပေါက် မူဆယ်ကို ရောက်ဖူးပြီလား။
ရန်ကုန် ⇐ လားရှိုး ⇐ မူဆယ် ⇐ ရွှေလီ
Restaurant, Shopping
Ph: 246431
April 9 to 13
၄ညအိပ် ၅ရက်
အထူးနှုန်း
1.67 Lakhs

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာရင်းစစ်ချုပ်ရုံး
အခြေခံစာရင်းကိုင်သင်တန်း လျှောက်လွှာခေါ်ယူခြင်း
Basic Accounting Course
[For 2005 August Exam:]

၁။ သင်တန်းဖွင့်လှစ်မည့်ရက်– ၁၄–၅–၂၀၀၅
၂။ သင်တန်းဖွင့်လှစ်မည့်နေရာ– စာရင်းစစ်ချုပ်ရုံး၊သင်တန်းကျောင်း ၁/၁၉ သခင်မြပန်းခြံလမ်း၊အလုံမြို့နယ်
၃။ သင်တန်းချိန်– ၉း၃၀နာရီမှ ၁၅း၃၀နာရီ (စနေ/တနင်္ဂနွေ)
၄။ သင်တန်းကာလ– (၃)လ
၅။ သင်တန်းကြေး– ကျပ် ၅၀၀၀
၆။ အနိမ့်ဆုံးပညာအရည်အချင်း– အခြေခံပညာအထက်တန်း (က)အဆင့်အောင် သို့မဟုတ် တက္ကသိုလ်ဝင်တန်းအောင်
၇။ လျှောက်လွှာစတင်ရောင်းချမည့်ရက်– ၇–၄–၂၀၀၅
၈။ လျှောက်လွှာတင်ရန်နောက်ဆုံးရက်– ၁၃–၅–၂၀၀၅
၉။ ဆက်သွယ်စုံစမ်းရန် – **ဒေါ်မြင့်လေးမေ၊ သင်တန်းမှူး၊ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း**

ဖုန်း–၀၁– ၂၂၇၂၄၆။

သတိပေးတားမြစ်ခြင်း

ဒေါ်ကူမာရီ(ခ) ဒေါ်ပုလဲ(အဖ)ဦးဂျေလားဂျေဆီ၊၁၃/နခတ(နိုင်)၀၀၀၆၁၂ နှင့် ဦးကျော်လေး(ခ) ဦးကျိုလာနတ်(အဖ)ဦးမိုးသီရမ်း ၉/မကန(နိုင်)၀၆၇၀၂၉ တို့သည် ၃–၆–၁၉၈၇ရက်တွင် ဂေါ်ရခါး ဗုဒ္ဓဘာသာ ဓလေ့ထုံးစံနှင့်အညီ ပြင်ဦးလွင်မြို့ ဂေါ်ရခါးဘုရားကျောင်း၌ လက်ထပ်ထိမ်းမြားခဲ့ရာ ယခုအခါ သမီးလေးဦးနှင့် သားတစ်ဦး ထွန်းကားခဲ့ပါသည်။

ဒေါ်ကူမာရီနှင့် ဦးကျော်လေးတို့နှစ်ဦးပိုင် အောက်ဖော်ပြပါ ပစ္စည်းများသည် ဒေါ်ကူမာရီ အမည်တွဲဖက်ပေါက်သည့် လက်ထက်ပွားပစ္စည်းများ ဖြစ်ကြပါသည်။

(၁) ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ Yankin Centre အခန်းအမှတ် 2(A)5 နှင့် အိမ်ထောင်ပရိဘောဂများ။
(၂) ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ Yankin Centre အခန်းအမှတ် 7(C)4၊ အိမ်ထောင်ပရိဘောဂများနှင့် Precious Stone Co.,Ltd. တယ်လီဖုန်းအမှတ်– ၀၁–၅၅၈၁၁၀။
(၃) မိုးကုတ်မြို့ အောင်ချမ်းသာရပ်ကွက်၊ ရှောလီဝိုင်းအုပ်စု၊ အုပ်စုအမှတ်–၁၄၂၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက် အဆောက်အအုံနှင့် အိမ်ထောင် ပရိဘောဂများ။
(၄) မန္တလေးမြို့ ချမ်းအေးသာဇံအရှေ့ရပ်၊ မြေကွက်အမှတ် ၅၉၄ပေါ်ရှိ၊ ၂၈လမ်း(လမ်း၈၀နှင့် ၈၁လမ်းကြား)အမှတ်– ၂၂၁ဟု ခေါ်တွင်သည့် Venus Hotel ၊ယင်း Hotel တည်ရှိရာ မြေနှင့်ဟိုတယ် ပရိဘောဂ ပစ္စည်းများနှင့် တယ်လီဖုန်းအမှတ် ၀၂–၃၄၁၆၂၊ ၀၂–၃၃၂၂၃။
(၅) မန္တလေးမြို့ သိပ္ပံမြို့သစ်၊ မဟာမြိုင် ၁ရပ်ကွက်၊ သိပ္ပံလမ်း(၆၅လမ်း)ရှိ မ–၁/၁၇ဟု ခေါ်တွင်သည့် နှစ်ထပ်တိုက်နှင့် ယင်းတိုက်တည်ရှိရာမြေနှင့် ပရိဘောဂပစ္စည်းများ။
(၆) မိသားစုစီးနင်းသည့် မော်တော်ယာဉ်အမှတ်– ၃ခ/၉၈၀၈။
(၇) မိသားစုပိုင် စိန်ရွှေရတနာအတွင်းပစ္စည်းများ။
(၈) HP ဖုန်းအမှတ် ၀၉ ၈၀ ၃၁၀၄၁။

အထက်ဖော်ပြပါ ပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ကူမာရီ၏ သဘောတူ ခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက တရားဝင် အတည်မဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်ကူမာရီ(ခ)ဒေါ်ပုလဲ၏
လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမျိုးသန့်(စဥ်–၁၅၆၇)
B.A.(Law).,LL.B
တရားရုံးချုပ်ရှေ့နေ။
၅၅၊ပထမထပ် မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့။ ဖုန်း–၃၇၆၄၈၁(YBA)။

အမည်ပြောင်း

အထက(၅)ဗိုလ်တထောင် ပဉ္စမတန်း(ခ)မှ ဦးရမ်ဇာဝါး၏ သား မောင်ဇော်မြတ်ထွဋ်အား မောင်အောင်ကောင်းဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ကောင်းဇော်။**

အမည်ပြောင်း

ဦးရဲညွန့်၏သား အထက(၂) တောင်ဒဂုံ၊အဋ္ဌမတန်း(က)မှ မောင်အောင်ရဲဗိုလ်အား ယနေ့မှစ၍ မောင်အောင်မြင်ဗိုလ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မြင်ဗိုလ်။**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မဒေါ်ရှာဇာဒီ ၁၂/စခန(နိုင်)၁၀၄၄၀၅၉၏ သားဖြစ်သူ မောင်လှအောင်ထွေး ၁၂/စခန(နိုင်)၀၄၄၆၃၉ သည် မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်ရှာဇာဒီ
၁၂/စခန(နိုင်)၀၄၄၀၅၉။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်ဝင်း ၁၁/စတန(နိုင်)၀၅၂၉၃၉၏သားဖြစ်သူ စည်သူ(ခ) ကျော်စည်သူဝင်း ၅/ကဘလ(နိုင်)၁၄၁၀၃၃ သည် မိဘများ၏ ဆိုဆုံးမသည်ကို နားမထောင်ဘဲ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံး တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။) **ဦးကျော်ဝင်း**
၁၁/စတန(နိုင်) ၀၅၂၉၃၉။

မြန်မာ့အလင်းသတင်းစာကြော်ငြာဌာန မြို့တွင်း၌ တိုးချဲ့ဖွင့်လှစ်လက်ခံလျက်ရှိ

ရန်ကုန် ဧပြီ ၆

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၉၆၈၄၃တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိသည်။

(မြန်မာ့အလင်း)

501986 , 526722

၂၀၀၅ ခုနှစ် မဟာသင်္ကြန်အထူးအစီအစဉ်

စခန်းသာ ရန်ကုန်ဘူတာကြီးမှ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မိတ်ဟောင်း၊ မိတ်သစ်များအားလုံး အဆင်ပြေပျော်ရွှင်စွာ စားသုံးနိုင်ရေးအတွက် **မန္တလေးတူးတူးမြန်မာထမင်းဆိုင်**နှင့်အတူ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးမျိုးစုံ၊ တရုတ်စားသောက်ဖွယ်ရာ အစုံစုံတို့ဖြင့် နံနက် ၁၀း၀၀နာရီမှ ၁၇း၀၀ နာရီအထိ ဖွင့်လှစ်ရောင်းချပေးပါမည်။

သင်္ကြန်မဏ္ဍပ်များအတွက်လည်း မြန်မာထမင်းဟင်း၊ ဒံပေါက်၊ထမင်းကြော်၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော် စသည်တို့ကိုလည်း အော်ဒါစနစ်ဖြင့် ကြိုတင်ဆက်သွယ် မှာကြားနိုင်ပါသည်။

(အော်ဒါများကို မဏ္ဍပ်အရောက် ပို့ပေးပါမည်။)

မန္တလေးတွင်လည်း တူးတူးထမင်းဆိုင် ကို သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ထားပါသည်။

ကျေးဇူးတင်စွာဖြင့်

စခန်းသာမိသားစု၊ ရန်ကုန်ဘူတာကြီး
ဖုန်း–၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၀၁၁၊ ၀၉ ၈၀ ၂၂၃၈၈။

ဘုရားဖြူ ကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီး တစ်ခန်းအတွက် အလှူငွေကျပ် ၆၀၀၀၀၀ကို အလှူရှင် ဦးစန်းမောင်–ဒေါ်လှလှ (အဏ္ဏဝါ ဆားစက်) အမှတ် ၁၈၇/၁၈၉၊ ၅၁ လမ်း မိသားစုတို့က နိုင်ငံတော်သြဝါဒါစရိယ ဘုရားဖြူဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသရှေ့တွင် ဝိနယာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ပစ်တိုင်းထောင် ဦးမြင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ပဲခူးခရိုင်စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေပေးအပ်

ပဲခူး မတ် ၃၁

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)မှ ထောက်ပံ့ပေးသော အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်းများနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂၃ရက်က ပဲခူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)က ထောက်ပံ့သည့် အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်း ငါးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့ငွေကျပ်၅၀၀၀တို့ကို ပေးအပ်သည်။ **(အပေါ်ယာပုံ)**

အလားတူ ထူးချွန်ကျောင်းသားသုံးဘာသာ ဂုဏ်ထူးရ တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရ ငါးဦးတို့ကို ထောက်ပံ့ငွေ ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ်စစ်မှုထမ်းဟောင်း)**

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှု ညောင်တုန်းမြို့၌ ကျင်းပ

ညောင်တုန်း ဧပြီ ၁

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့နှင့် တီဘီရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားကို ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံ ခန်းမတွင် မတ် ၂၅ရက်က ကျင်းပသည်။

အခမ်းအနားတွင် ညောင်တုန်းမြို့နယ် အတွင်းရေးမှူး ဦးအောင်မြင့်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ပေးပို့သော ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၏ သဝဏ်လွှာကို ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမိမိတင်က ဖတ်ကြားသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးအောင်မြင့်သိန်း၊ ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမိမိတင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်တို့က တီဘီရောဂါ တိုက်ဖျက်ရေး ဆေးတိုက်ကျွေးရာတွင် တက်ကြွစွာ ဆောင်ရွက်ခဲ့ကြသော ပထမ၊ ဒုတိယ၊ တတိယဆုရသူများအား ဆုများပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် တီဘီရောဂါတိုက်ဖျက်ရေးဆိုင်းဘုတ်ကို မြို့နယ်စည်ပင်သာယာဈေးရှေ့ ဆေးရုံဝင်းအတွင်း စိုက်ထူလိုက်ကြသည်။**(ဝဲပုံ)** **(၀၉၈)**

ခရမ်းမြို့ အမှတ် ၄ရပ်ကွက်၊ ဗုဒ္ဓဟူးလမ်းနေ အသက် ၉၆နှစ်ပြည့် ဒေါ်ပွားမွေးနေ့အဖြစ် ကျပ်နှစ်သိန်းကျော်တန် ချွဲစုပ်စက်ပေးအပ်လှူဒါန်းပွဲကို မတ် ၂၄ရက်က ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းဦးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဦးစိုးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(၂၈၃)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး အဓိကသီးနှံ ၁၀ မျိုးအပြင် အမယ်သစ်သီးနှံဖြစ်သည့် ဇရုတ်ကောင်းကို နည်းလမ်းသုံးသွယ်ဖြင့်စိုက်ပျိုး ဒေသနှင့်ကိုက်ညီပြီး အရိပ်လည်းရ စားသုံးဆီလည်းရသည့် သစ်ဆိမ့်ပင်များ စိုက်ပျိုးရန်မှာကြား

ရန်ကုန် ဧပြီ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧရာဝတီတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဧပြီ ၅ ရက်နံနက် ၇ နာရီတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ပန်းတိုင်ကျေးရွာသို့ ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မအူပင်ခရိုင် မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု နွေစပါးစံကွက် ရိတ်သိမ်းပွဲတွင် စပါးခြွေလှေ့စက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းအချို့တွင် မိုးဆက်လက်ရွာသွန်း

ရန်ကုန် ဧပြီ ၆

လွန်ခဲ့သည့် နှစ်ရက်ခန့်က ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများ၌ နေရာကျဲကျဲမှ နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၁ ဒသမ ၆၅ လက်မ နှင့် ဘားအံမြို့တွင် ၁ ဒသမ ၃၄ လက်မတို့ဖြစ်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁** ✡

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

သတင်းဆောင်းပါး - မြင့်လွင်၊ ဓာတ်ပုံမှတ်တမ်း - ထွေးကြည် (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေပေါ်၊ ရေအောက်၊ မြေပေါ်၊ မြေအောက် သယံဇာတပစ္စည်းများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများသည် ကမ္ဘာ့ရတနာဈေးကွက်တွင် ထင်ပေါ်ကျော်ကြားပြီး မြန်မာ့ပုလဲနှင့် ကျောက်မျက်၊ ကျောက်စိမ်းတို့သည် ကမ္ဘာ့အသည်းစွဲဖြစ်ခဲ့ရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ နှစ်စဉ် ခင်းကျင်းပြသရောင်းချခဲ့ရာ ယခု ၂၀၀၅ ခုနှစ်(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တိုင်ခဲ့ပြီဖြစ်သည်။ ယခု(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ မတ် ၃၀ ရက်မှ ဧပြီ ၇ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် သတ္တုတွင်းဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေနှင့် ပြည်တွင်းသုံးကျပ်ငွေများ နှစ်စဉ်တိုးတက်ရရှိအောင် ဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် နှစ်စဉ် မတ်လနှင့်အောက်တိုဘာလတို့တွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြီး ကျောက်

၂၀၀၅ ခုနှစ် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသော ပုလဲကျွန်းမှ ထွက်ရှိသည့် ရွှေရောင်ပုလဲတွဲကိုဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–ထွေးကြည် (မြန်မာ့အလင်း)

မျက်ရတနာများကို ရောင်းချပေးလျက်ရှိသည်။ ယမန်နှစ်ကမှ စတင်၍ ကျောက်စိမ်း ကျောက်မျက် အထူးရောင်းချပွဲများ ကျင်းပခဲ့သည့်အပြင် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများ၌လည်း နိုင်ငံသားကုမ္ပဏီများ၏ ကျောက်မျက်ရတနာများကို ရောင်းချပေးခဲ့သည်။

ယခု(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်မျက်အရောင်းဆိုင်များ၊ ပုဂ္ဂလိက ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီဆိုင်များသည် သပ်ရပ်ခံ့ညားစွာဖြင့် **စာမျက်နှာ ၇ ကော်လံ ၁** ●

၂၀၀၅ခုနှစ်(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိနေသော ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

7-4 (20).p65 1 3/24/05, 10:16 PM